# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက် ၊ စနေနေ့ ၊ (9-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော်　ဒီဇင်ဘာ　၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံ့ချီ စည်သူ မောင်မောင်အေးနှင့် ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**






ရတနာပုံ
၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက်ညီလက်ညီပူးပေါင်း

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် ဒီဇင်ဘာ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် အခမ်းအနားများ ကမ္ဘာတစ်ဝန်း၌ သတ်မှတ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံသည်လည်း ၂၀၁၃ ခုနှစ်ကစပြီး နှစ်စဉ်မပြတ် ကျင်းပလျက်ရှိပါသည်။

အဂတိလိုက်စားမှု၏ အဓိပ္ပာယ်နှင့်စပ်လျဉ်း၍ လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းကြောင်း၊ ခိုးခြောက်ငွေညစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်း၊ မလျော်သြဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒအသုံးပြုခြင်း၊ မိမိနှင့် နီးစပ်အဆင်ပြေသူကောင်းစားရေး ဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်ကြောင်း ယနေ့ခေတ်တွင် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ထို့ပြင် အဂတိလိုက်စားမှု၊ အဂတိတရားဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှောင်ကြဉ်ရန်တားမြစ်ချက်များသည် မြန်မာနိုင်ငံတွင် ဗုဒ္ဓတရားတော်များ၏ အဆုံးအမ၌ နှစ်ပေါင်းများစွာကတည်းက တည်ရှိနေပါသည်။ မြန်မာ့ဘာသာရေးယဉ်ကျေးမှုနယ်ပယ်တွင် အဂတိတရား လေးပါးဟူ၍ ရှိပြီးဖြစ်ရာ ဆန္ဒဂတိ-ချစ်သည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍မပြုလုပ်သင့်သည်ကိုပြုလုပ်မိခြင်း၊ ဒေါသဂတိ-မုန်းသည်ဖြစ်၍ ဘက်မလိုက်သင့်သည်ကို လိုက်၍မပြုလုပ်သင့်သည်ကို ပြုလုပ်မိခြင်း၊ ဘယာဂတိ-ကြောက်သဖြင့် ဘက်မလိုက်သင့်သည်ကို လိုက်၍ပြုလုပ်မိခြင်း၊ မောဟာဂတိ-တွေဝေသဖြင့် ဘက်မလိုက်သင့်သည်ကို လိုက်၍ပြုလုပ်မိခြင်းတို့ဖြစ်ပြီး သတိပြုဆင်ခြင်ရမည့် အဂတိတရားများပင်ဖြစ်ပါသည်။

အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုများနှင့် လူအများ၏ စိတ်ဓာတ်စာရိတ္တများပျက်စီးစေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုကို ဘက်ပေါင်းစုံက ထိခိုက်နိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ပုံစံအမျိုးမျိုး ထပ်မံပေါ်ပေါက်လာသည့် အဂတိလိုက်စားမှုများကို ကာကွယ်ရေး အရေးယူနိုင်ရေးအတွက်လည်း အဆိုပါဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားသည်။

နိုင်ငံအတွင်း အဂတိလိုက်စားမှုများ လျော့နည်းပျောက်ကွယ်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ စီမံချက်များချမှတ်ဖော်ဆောင်လျက်ရှိပါသော်လည်း လူ့အဖွဲ့အစည်းအတွင်း အဂတိလိုက်စားမှုကို လက်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းလာရန် အရေးကြီးဆုံးဖြစ်ပါသည်။

နိုင်ငံတော်တွင် အဂတိကင်းစင်သော လူမှုအသိုက်အဝန်းဖြစ်လာရေးအတွက် အဂတိလိုက်စားမှုကြောင့် နစ်နာသူများ တိုင်တန်းရမည့်နည်းလမ်းများ၊ သတိပြုရမည့်အချက်များကို နိုင်ငံပိုင် မီဒီယာများတွင် နေ့စဉ်နီးပါး အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတော်တစ်ရပ် မလွဲမသွေဖြစ်ပေါ်လာပါမည်။ ထို့ကြောင့် အစိုးရဌာနအသီးသီးမှတာဝန်ရှိသူများနှင့် ပြည်သူအပေါင်းတို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာတွင် ဒီဇင်ဘာလပထမပတ်မှစ၍ ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလာ



**မန္တလေး ဒီဇင်ဘာ ၈**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာတွင် ဒီဇင်ဘာလပထမပတ်မှစ၍ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ယခုလက်ရှိ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ ၎င်းကျေးရွာ၌ အိုးလုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

“ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်”ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ နိုဝင်ဘာလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ ဝင်ရောက်လည်ပတ်ခဲ့ကြသော်လည်း ဒီဇင်ဘာလပထမပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ဆောက်လုပ်ရေးလုပ်ငန်း တချို့ ရပ်နားထားခြင်းကြောင့် အရောင်းအဝယ်များ သိသိသာသာ မြင့်တက်လာမှုမရှိသေးသော်လည်း အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုရှိနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေ ဈေးကွက်အတွင်း အရောင်းအဝယ်ပိုင်းထက် အငှားဈေးကွက် ပို၍သွက်နေကြောင်း၊ အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းနီးသော ရပ်ကွက်များ၌ ပို၍အငှားလိုက်နေကြောင်း သိရသည်။

“အခုအချိန်ထိ ဝယ်မဲ့သူတွေက ဈေးထပ်ကျအုံးမလား မျှော်လင့်ချက်နဲ့ စောင့်ကြည့်နေကြပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ ကျဆင်းနေတာကြောင့် အိမ်ခြံမြေအရောင်းအဝယ် ပျောက်နေတာတော်တော်ကြာနေပါပြီ”ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်အောင်က ပြောပြသည်။

ဂရန်မြေကွက် ဈေးနှုန်းများအနေဖြင့် ပေ (၄၀×၆၀) မြေကွက်များတွင် ငွေကျပ်သိန်း ၉၀၀ ခန့်မှ သိန်း ၄၅၀၀ ခန့် ပေါက်ဈေးရှိနေပြီး အချို့သောမြေကွက်များတွင် မြေနေရာကျယ်ဝန်းမှု၊ နေရာအချက်အချာကျမှု၊ လမ်းမတန်းများနှင့် မူလအမည်ပေါက် စသည့်အချက်အလက်များအပေါ် မူတည်၍ ဈေးနှုန်းကွာခြားချက်များရှိရာ ပေါက်ဈေးငွေကျပ် သိန်းသောင်းဂဏန်းပိုင်းထိရှိကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုလျော့ကျလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့်လည်း တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးအောင်ထံမှ သိရသည်။

(၁၇၃)

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၈**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် မြေထောက်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသဖြင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

“ပြည်တွင်းကထွက်ရှိတဲ့ မြေထောက်ပဲတွေကို အခုလက်ရှိမှာ တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေ ရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှု များလာတာကြောင့် အရင်ကထက် အရောင်းအဝယ်ကောင်းနေပါတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဒီဇင်ဘာ ၇ ရက်ပေါက်ဈေးအရ မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

“မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲမှာ တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခု မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာပါ မြေထောက်ပဲက အရောင်းအဝယ် ပြန်ပြီးကောင်းနေပါတယ်”ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် လက်ပံကုန်း(မ)ကျေးရွာ၌ ကွန်ကရစ်ကြမ်းခင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပြင်ဦးလွင် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြင်ဦးလွင်မြို့နယ် လက်ပံကုန်း(မ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပြင်ဦးလွင်မြို့နယ် လက်ပံကုန်း(မ)ကျေးရွာ၌ ကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက တံတားရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး ရွာသူ၊ ရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြင်ဦးလွင်မြို့နယ် လက်ပံကုန်း(မ)ကျေးရွာ၌ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၁ ပေရှိ ကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၃၁ ဒသမ ၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။

**အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၄၂၀) မာလကာခြံရပ်နေ မိဘနှစ်ပါးဦးထိပ်ထား၍ ဒေါ်ခင်မေမိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလုထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၁၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၃၅၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၄၄၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၃၅၁၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဂျုံ ဧက ၂၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ အခုလက်ရှိ ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဂျုံဈေးကွက်ရှိလာတာကြောင့် တောင်သူတွေက တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ သီးနှံအလှည့်အပြောင်း အနေနဲ့လဲ ပြောင်းစိုက်ကြတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆွေးနွေးတာတွေ လုပ်တယ်။ ဂျုံအထွက်တိုးအောင် မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဂျုံကို အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် ထွက်ပေါ်ကြောင်း၊ ဂျုံတစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကံရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျပ်ဆည်ကျေးရွာအုပ်စု ကံရွာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျပ်ဆည်ကျေးရွာအုပ်စု ကံရွာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

မလှိုင်မြို့နယ် ကံရွာကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၃ သိန်းကျော်အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# လပွတ္တာမြို့နယ်မှ ဒေသထွက် ငါးကွမ်းရှပ်များ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေ

**လပွတ္တာ ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဒေသထွက် ငါးကွမ်းရှပ်များ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စန်းငွေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ် အချိုခြောက်နှင့်အငန်ခြောက်ဟူ၍ နှစ်မျိုးထွက်ရှိကြောင်း၊ လပွတ္တာမြို့နယ်မှ ဒေသထွက် ငါးကွမ်းရှပ်များ နိုဝင်ဘာလ တတိယပတ်မှစတင်၍ ယနေ့ထိ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးကွမ်းရှပ်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ ဒေသထွက် ငါးကွမ်းရှပ်တွေ နိုဝင်ဘာလ တတိယပတ်လောက်ကတည်းက စတင်ပြီး ဝယ်ယူမှုအားကောင်းလို့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်တွေ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ လက်ရှိ ငါးခြောက်ကုန်ကြမ်းတွေ မနှစ်ကလောက် မပေါဘူး"ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စန်းငွေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုအခါ ငါးခြောက်ပြုလုပ်သည့်ကာလဖြစ်ပြီး ဒေသထွက် ငါးကွမ်းရှပ်များအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း၊ အဆိုပါငါးကွမ်းရှပ် တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ဈေးပေါက်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စန်းငွေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၈)

ကြည်လွင်မြင့်(မုံရွာ)



**သင်္ဘောပင်**

အင်္ဂလိပ်အမည် - Papaya; Papaw
မျိုးရင်း - Caricaceae (သင်္ဘောမျိုးရင်း)
ရုက္ခဗေဒအမည် - Carica Papaya Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ဝမ်းချုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ သရက်ရွက်ကြီးသောရောဂါ၊ မြင်းသရိုက်ရောဂါ၊ ဆုံဆို့နာရောဂါ၊ ဝမ်းပိုက်နာ၊ အူရောင်ရောဂါများ၊ ကျီးပေါင်းတက်ရောဂါ၊ နားအူ၊ နားလေထွက်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အရွက်၊ အစေး၊ အစေ့၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

ပင်လတ်မျိုးဖြစ်သည်။ အမြင့် ၁၀ ပေမှ ၁၅ ပေခန့်ထိမြင့်သည်။ ပင်စည်မှ အဖြူရောင်အစေးများထွက်သည်။ သင်္ဘောအဖိုပင်၊ အမပင်နှင့် အဖိုအမနှစ်မျိုးပါသော လိင်စုံပင်ဟူ၍ သုံးမျိုးရှိသည်။

**ဆေးကျမ်းများအဆို**

မြန်မာ့ဆေးကျမ်းများအဆိုအရ သင်္ဘောပင်၏အမြစ်သည် ချုပ်၏။ လေကိုပျက်စေ၏။ ပူ၏။ မီးယပ်ကို မှန်စေ၏။ သင်္ဘောသီးအမှည့်သည် ချို၏။ ဝမ်းမီး

❖ မြန်မာ့ဆေးကျမ်းများအဆိုအရ သင်္ဘောပင်၏အမြစ်သည် ချုပ်၏။ လေကိုပျက်စေ၏။ ပူ၏။ မီးယပ်ကို မှန်စေ၏။ သင်္ဘောသီးအမှည့်သည် ချို၏။ ဝမ်းမီးကို တောက်စေ၏။ ဆာလောင်ခြင်းကို ဖြစ်စေ၏။ ကြေကျက်လွယ်၏။ ဆီးရှင်၏။ သလိပ်ကို ပွားစေ၏။ နှလုံးကို အကျိုးပြု၏။ သွေးကိုစင်ကြယ်စေ၍ သည်းခြေကို ငြိမ်စေ၏။ ဆီးရောဂါနှင့် ကျောက်တည်ရောဂါများကို ပယ်ဖျောက်တတ်၏။ ❖

ကို တောက်စေ၏။ ဆာလောင်ခြင်းကို ဖြစ်စေ၏။ ကြေကျက်လွယ်၏။ ဆီးရှင်၏။ သလိပ်ကို ပွားစေ၏။ နှလုံးကိုအကျိုးပြု၏။ သွေးကိုစင်ကြယ်စေ၍ သည်းခြေကို ငြိမ်စေ၏။ ဆီးရောဂါနှင့်ကျောက်တည်ရောဂါများကို ပယ်ဖျောက်တတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အရေပြားတွင် ယားနာများပေါက်ပါက သင်္ဘောသီးအစိမ်းမှထွက်သော အစေးနှင့် ပွတ်လိမ်းပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၂။ အစာမကြေရောဂါဖြစ်လျှင် သင်္ဘောသီးအစေးကို နွားနို့၊ သကြားခဲနှင့်ရောစားလျှင် သက်သာပျောက်ကင်းစေနိုင်သည်။

၃။ ကလေးများ သန်ချဆေးအဖြစ် သင်္ဘောသီးအစေးကို ထန်းလျက်နှင့်နယ်ကျွေးလျှင် သန်ကျစေသည်။

၄။ ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများ အစာအိမ်၊ အူသိမ်၊ အူမ၊ အူလမ်းကြောင်းတွင် အနာများဖြစ်လျှင် ဗိုက်နာ၊ ပင်လယ်အူနာဖြစ်လျှင် သင်္ဘောသီးအစေးကို ပျားရည်နှင့်ရောစပ်ထားပြီး နေ့စဉ်ထမင်းစားပြီးတိုင်း ဟင်းစားဇွန်းတစ်ဇွန်းသောက်သုံးပေးပါက ကိုယ်တွင်းအနာရောဂါများ သက်သာပျောက်ကင်းစေနိုင်သည်။

၅။ အကြောတက်၊ ကြွက်တက်ရောဂါရှိသူများသည် သင်္ဘောရွက်၏ အရည်ကိုညှစ်၍ ကြွက်သားများတွင် လိမ်းကျံပေးပါက အကြောတက်ခြင်း၊ ကြွက်တက်ခြင်းများ သက်သာစေသည်။

၆။ တကျည်းကိုက်ရောဂါဟုခေါ်သော ချက်တိုင်မှရစ်၍နာသည့် ဗိုက်နာရောဂါဖြစ်လျှင် သင်္ဘောရွက်ကိုမီးကင်ပြီး တကျည်းနှင့်ချက်တိုင်တွင်ကပ်ပေးပါက သက်သာပျောက်ကင်းစေသည်။

၇။ နားအူ၊ နားလေထွက်ရောဂါများ ရက်ရှည်ဖြစ်နေလျှင် သင်္ဘောရွက်ကိုမီးအုံး၍ အတို့အမြုပ်ပြုလုပ်စားပါ။ သို့မဟုတ် အရွက်ကိုပြုတ်ပြီး အသုပ်ပြုလုပ်စားပါက သက်သာပျောက်ကင်းစေသည်။

၈။ ဝမ်းချုပ်ရောဂါရှိသူများသည် သင်္ဘောသီးအမှည့်ကို ထမင်းစားပြီးတိုင်း ပုံမှန်စားသုံးပေးပါက အစာကြေ၍ ဝမ်းပျော့ပျော့သွားစေနိုင်သည်။

၉။ လေနာရောဂါရှိသူ၊ အကြောတက်ရောဂါရှိသူများနှင့် ဝမ်းတွင်းအစာခြေလမ်းကြောင်းအနာရှိသူများသည် သင်္ဘောသီးအစိမ်းကို ဟင်းချက်စားပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၀။ သင်္ဘောသီးအစေ့ကို ဆေးဝါးရှားပါးသောနေရာများတွင် သန်ချဆေးအဖြစ် အသုံးပြုနိုင်သည်။ သင်္ဘောသီးအစေ့အနက်ကို လူကြီးကိုးစေ့ခန့်၊ ကလေး ငါးစေ့ခန့်ဝါးစားပေးခြင်း သို့မဟုတ် အစေ့ခြောက်ကို အမှုန့်ကြိတ်စားပေးခြင်းဖြင့် သန်ကျစေနိုင်သည်။ တစ်ခါတစ်ရံ သုံးရက်ခန့်ဆက်၍ စားရသည်။

**သစ်ကြံပိုး**

အင်္ဂလိပ်အမည် - Ceylon Cinnamon
မျိုးရင်း - Lauraceae (ပရုတ်မျိုးရင်း)
ရုက္ခဗေဒအမည် - Cinnamomum tamala F.Nees

**အဓိကဆေးဖက်ဝင်ပုံ**

အစာမကြေရောဂါ၊ လေနာ၊ သည်းခြေနာရောဂါ၊ ဝမ်းသွားရောဂါ၊ ချွေးအလွန်ထွက်သောရောဂါ၊ တုပ်ကွေးရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အဆုတ်နာရောဂါ၊ သွားကိုက်ရောဂါ၊ တိုက်ဖွိုက် ခေါ် အူရောင်ရောဂါ၊ ဆီးချိုရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာပြည်အနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်သည်။ သို့သော် မြေနှင့် ရာသီဥတုကို အလွန်

❖ မြန်မာ့ဆေးကျမ်းများအဆိုအရ သစ်ကြံပိုးခေါက်သည် ခါး၏။ မွှေး၏။ လေသည်းခြေ၊ ရေငတ်ခြင်း၊ လည်ချောင်းရောင်ခြင်း၊ ပူလောင်ခြင်း၊ ဝမ်းသွားခြင်းနှင့်နှလုံးရောဂါများကို ပျောက်ကင်းစေနိုင်သည်။ အဆီသည် သွေးလေတို့ကို ငြိမ်စေ၏။ အကိုက်အခဲနှင့် ရောင်တင်းခြင်း၊ နှုတ်မမြိန်ခြင်း၊ အော့အန်ခြင်း၊ သွေးစီးယိုခြင်းတို့ကို နိုင်၏။ ❖

ရွေးချယ်သည်။ မိုးရေချိန် ၈၀ လက်မထက်မနည်းသော အပူပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အပင်၏ အခေါက်၊ အဆီ။



**အပင်ပုံသဏ္ဌာန်**

အမြဲစိမ်းလန်း၍ အနံ့ရှိသောအပင်ကြီးမျိုးဖြစ်သည်။ အမြင့်ပေ ၄၀ မှ ပေ ၆၀ ထိ မြင့်သည်။ အကိုင်းများ ဝေဝေဆာဆာထွက်လေ့ရှိသည်။ နုသောအပိုင်းသည် ချောမွတ်နေ၍ ပိုးသားကဲ့သို့ နူးညံ့သောအမွေးများဖြင့် ဖုံးလွှမ်းနေသည်။ အခေါက်သည် အလွန်အဖိုးတန်၏။ မွှေးကြိုင်သောသတ္တိရှိသည်။ ၎င်းအခေါက်မှ အဆီရရှိသည်။ အခေါက်ပါးသည်။

သစ်ကြံပိုးပင်၏အရွက်သည် ရွက်ဆိုင်ထွက်သည်။ ဘဲဥပုံ၊ လှံစွပ်ပုံဖြစ်သည်။ ရွက်ရင်းဝိုင်း၍ ရွက်ဖျားချွန်သည်။ ရွက်ပြားအပေါ်မျက်နှာပြင် ပြောင်ချောသည်။ ရွက်အောက်မျက်နှာပြင် စိမ်းညိုရောင်ရှိသည်။ ရွက်ကြော လေး၊ ငါးခုရှိသည်။ ရွက်နုသည် ပန်းရောင်ရှိ၍ ရင့်သော် အစိမ်းရင့်ရောင်သို့ ပြောင်းသွားသည်။

အပွင့်သည် ပွင့်ညှာရှည်၍ ကိုင်းဖျားကသော်လည်းကောင်း၊ ကြားဖူးကသော်လည်းကောင်း ပွင့်သည်။ အပွင့်သေးငယ်သည်။ အဝါဖျော့ဖျော့အရောင်ရှိ၍ စူးရှသောအနံ့ရှိသည်။ ပွင့်ဖတ်သည် ခေါင်းလောင်းပုံရှိသည်။ တပို့တွဲ၊ တပေါင်းလတွင် ပွင့်သည်။

အသီးသေးငယ်၍ ညိုရောင်သန်းသောအနီရောင်ရှိသည်။ ရှည်မျောမျောပုံသဏ္ဌာန်ရှိ၍ နှစ်လက်မ၊ သုံးလက်မခန့်ရှည်သည်။ အသီးမှ သစ်ကြံပိုးအဆီထုတ်ယူရရှိသည်။ နယုန်လမှ သီတင်းကျွတ်လအတွင်း အသီးရင့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာ့ဆေးကျမ်းများအဆိုအရ သစ်ကြံပိုးခေါက်သည် ခါး၏။ မွှေး၏။ လေသည်းခြေ၊ ရေငတ်ခြင်း၊ လည်ချောင်းရောင်ခြင်း၊ ပူလောင်ခြင်း၊ ဝမ်းသွားခြင်းနှင့် နှလုံးရောဂါများကို ပျောက်ကင်းစေနိုင်သည်။ အဆီသည် သွေးလေတို့ကို ငြိမ်စေ၏။ အကိုက်အခဲနှင့် ရောင်တင်းခြင်း၊ နှုတ်မမြိန်ခြင်း၊ အော့အန်ခြင်း၊ သွေးစီးယိုခြင်းတို့ကို နိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ချွေးထွက်လွန်သူများသည် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းစားဇွန်းတစ်ဇွန်းခန့် နေ့စဉ်စားသုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၂။ ဝမ်းပျက်လျှင်၊ ဝမ်းကိုက်လျှင် သစ်ကြံပိုးခေါက်မှုန့်ကို ရှားစေးအနည်းငယ်နှင့်ရော၍သောက်ပါက ဝမ်းပျက်ရောဂါသက်သာစေနိုင်သည်။

၃။ တုပ်ကွေးရောဂါ၊ ချောင်းဆိုးရောဂါ၊ အအေးမိရောဂါများဖြစ်လျှင် သစ်ကြံပိုးခေါက်ကို ချင်းတက်အနည်းငယ်နှင့်ရော၍ပြုတ်ပြီး ပူပူနွေးနွေးသောက်သုံးပေးပါက သက်သာစေနိုင်သည်။

၄။ အစာကြေစေရန်နှင့် ဟင်းရနံ့မွှေးစေရန် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။

၅။ အော့အန်ခြင်း၊ ဝမ်းတွင်း၌ ပူလောင်ခြင်း၊ ပင်လယ်အူနာဖြစ်ခြင်း၊ ခရီးသွားလျှင်မူးဝေခြင်းတို့အတွက် သစ်ကြံပိုးခေါက်ကို သွေးဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။

၆။ ဝမ်းကိုက်ရောဂါဖြစ်လျှင် အခေါက်ပြုတ်သောအရည်ကို သောက်သုံးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၇။ ဆီးချိုရောဂါရှိသူများသည် ဆီးချိုကြောင့်ဖြစ်သော ခြေလက်ထုံကျဉ်သောရောဂါများ ပျောက်ကင်းစေရန် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းစားဇွန်းတစ်ဇွန်းခန့် နေ့စဉ်စားသုံးပေးလျှင် သက်သာပျောက်ကင်းစေနိုင်သည်။

၈။ သစ်ကြံပိုးအဆီကို ခံတွင်းပျက်ရောဂါ၊ အာသီးရောင်ရောဂါ၊ အစာမကြေရောဂါ၊ လေအောင့်လေနာရောဂါ၊ အူရောင်ရောဂါရှိသူများအတွက် ရေနွေးနှင့်ရောစပ်၍ တစ်စက်၊ နှစ်စက်ထည့်ပြီး သောက်သုံးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၉။ ခံတွင်းအနံ့မကောင်းသူ၊ ခံတွင်းအနံ့နံ့သူ၊ အာပုပ်စော်နံသူများသည် သစ်ကြံပိုးခေါက်ကို နည်းနည်းချင်းဝါး၍ စကားပြောလျှင် အနံ့သက်သာစေနိုင်သည်။

၁၀။ ကလေးများ သရေကျသောရောဂါ၊ လျှာဝါးသောရောဂါများဖြစ်လျှင် သစ်ကြံပိုးအခေါက်ကိုသွေးပြီး လျှာတွင်ပွတ်ပေးပါက သက်သာပျောက်ကင်းစေသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးပြီးစီး

**ခန္တီး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က တိုင်ထောင်ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၁၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ တိုင်ထောင်ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၃၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် အနောက်ကန်ဘောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အနောက်ကန်ဘောင်ကျေးရွာအုပ်စု အနောက်ကန်ဘောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အနောက်ကန်ဘောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အနောက်ကန်ဘောင်ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ကြသည့်အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ငွေကျပ် ၅၁ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းရိုး**

## ကြည်သာနွဲ့ပျော် ကျောင်းသားအားကစားပွဲတော်

\- ကျောင်းသားနှင့် အားကစား
ခွဲခြားလို့မရပါ၊
ကိုယ်လက်မှာ လှုပ်ရှားမှ
သိဉာဏ်က ဖွံ့ဖြိုးမှာ၊
သို့ကြောင့်မို့ ယနေ့ခါ
ကျင်းပရာ ယှဉ်ပြိုင်ပွဲ၊
အခြေခံ ပညာကျောင်းရယ်
ပေါင်းစုကာနွှဲ။

\- နေပြည်တော် ဆုံကာတွေ့
ငါးရက်နေ့ ဒီဇင်ဘာ၊
ရည်မျှော်ကာ အောင်မြင်လမ်း
တက်လှမ်းတော့မှာ၊
အားကစား နည်းပညာ
စုံညီစွာ ပါဝင်ကြောင်း၊
လက်ရွေးစင် မောင်မယ်ဖြစ်အောင်
ဖွေလှစ်ကာပေါင်း။

\- ရှုံးနိမ့်ရာ မှုမထား
ယှဉ်ပြိုင်အားက အဓိကပါ၊
ကျွမ်းကျင်ရာ ဖွဲ့ရှိမှု
တည်ပြုတော့တာ၊
စိတ်ဓာတ်က ခိုင်မာရာ
လှမ်းတိုင်ရာ ညီညွတ်ကြောင်း၊
ကောင်းမွန်ရာ အသိများကို
ရငြားကာကောင်း။

\- ထူးချွန်ရာ ပေါ်လာကြောင်း
စုပေါင်းတဲ့ ဤပွဲတော်၊
ယှဉ်ပြိုင်ရာ အားကစား
များစွာထင်ပေါ်၊
ကိုယ်စားပြု မှန်းရည်မျှော်
ကျော်မော်ရာ လူငယ်များ၊
အာဆီယံ ယှဉ်ပြိုင်စခန်းကို
မှန်းရည်ကာထား။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

(၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော်ကို ဂုဏ်ပြုအပ်ပါသည်။)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ရေနံထုတ်လုပ်မှုလျှော့ချရေး သဘောတူညီချက်တွင်ပါဝင်ရန် အိုပက်နှင့်မိတ်ဖက်နိုင်ငံများကို ရုရှားနှင့်ဆော်ဒီ တိုက်တွန်း



**မော်စကို ဒီဇင်ဘာ ၈**

ကမ္ဘာ့စီးပွားရေး၏ အကျိုးအတွက် နေ့စဉ်ရေနံထုတ်လုပ်မှုနှုန်း လျှော့ချရေး သဘောတူညီချက်၌ ပူးပေါင်းပါဝင်ကြရန် ရုရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ရေနံတင်ပို့သူနိုင်ငံများအသင်း(အိုပက်) နှင့်မိတ်ဖက်နိုင်ငံများကို ဒီဇင်ဘာ ၇ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့်ဆော်ဒီ အာရေဗျအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကရင်မလင်နန်းတော်က ထုတ်ပြန်ထားသော ရုရှား-ဆော်ဒီ ပူးတွဲကြေညာချက်တွင် ထိုကဲ့သို့ တိုက်တွန်းထားခြင်းဖြစ်သည်။

အိုပက်အဖွဲ့ဝင် နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏နေ့စဉ်စုစုပေါင်း ရေနံထုတ်လုပ်မှုကို စည်ပေါင်း ၂ ဒသမ ၂ သန်းထိလျှော့ချရန် အိုပက်နှင့် မိတ်ဖက်နိုင်ငံများက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သဘောတူခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ ကမ္ဘာ့အကြီးဆုံးရေနံတင်ပို့သူနိုင်ငံများဖြစ်သည့် ရုရှားနှင့်ဆော်ဒီတို့က နှစ်နိုင်ငံပေါင်း နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏကို စည်ပေါင်း ၁ ဒသမ ၃ သန်းထိလျှော့ချပေးမည်ဖြစ်သည်။

ကမ္ဘာ့ရေနံဈေးကွက်တည်ငြိမ်မှုကို ထိန်းထားရေးအတွက် နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏ လျှော့ချရေးသဘောတူညီချက်တွင် အိုပက်အဖွဲ့ဝင်များနှင့်မိတ်ဖက်အဖွဲ့ဝင်များအားလုံး ပါဝင်ရန်လိုကြောင်း ရုရှားအစိုးရ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားသမ္မတပူတင်သည် ဒီဇင်ဘာ ၆ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ သွားရောက်၍ ရေနံထုတ်လုပ်မှုလျှော့ချရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ရုရှားသမ္မတပူတင်နှင့် အီရန်သမ္မတရိုင်စီတို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၈**

အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီသည် ဒီဇင်ဘာ ၇ ရက်တွင် မော်စကိုမြို့၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းလူမျိုးများကို လူမျိုးသုဉ်းသတ်ဖြတ်နေမှုအား အနောက်အုပ်စုနိုင်ငံများက ထောက်ခံ အားပေးနေကြောင်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံစဉ် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီက ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် ယူအေအီးနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့သွားရောက်ခဲ့ပြီး တစ်ရက်အကြာတွင် အီရန်သမ္မတအက်ဘရာဟင်ရိုင်စီကို ကရင်မလင်နန်းတော်၌ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ၌ လက်ရှိပေါ်ပေါက်နေသည့် ဖြစ်စဉ်များသည် လူမျိုးသုဉ်းသတ်ဖြတ်မှုလမ်းကြောင်းဆီသို့ လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှုကျူးလွန်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေသော်လည်း အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံများက အစ္စရေးကို အားပေးထောက်ခံနေကြကြောင်း အီရန်သမ္မတအက်ဘရာဟင်ရိုင်စီက သမ္မတပူတင်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် လက်ရှိဖြစ်ပွားနေသော ဂါဇာစစ်ပွဲ၌ ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုကို အားပေးထောက်ခံထားသည့် နိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည် ဟားမတ်စ်အုပ်စုနှင့်အစ္စရေးအပါအဝင် အရှေ့အလယ်ပိုင်းမှ အဓိကအင်အားစုများအားလုံးနှင့် ဆက်ဆံရေးရှိထားသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နိုင်ငံပေါင်း ၂၀ မှ ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ပေးရန် အင်ဒိုနီးရှားစီစဉ်

**ဂျကာတာ ဒီဇင်ဘာ ၈**

အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်၊တရုတ်၊ဩစတြေးလျ၊ဂျာမနီ၊ ဗြိတိန်နှင့် ပြင်သစ်အပါအဝင် နိုင်ငံပေါင်း ၂၀ တို့မှ ခရီးသွားများအတွက် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးရန် စီစဉ်နေကြောင်း သိရသည်။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးနှုန်းနှင့် ခရီးသွားလုပ်ငန်းအားကောင်းလာစေရေးတို့အတွက် အဆိုပါ နိုင်ငံ ၂၀ တို့မှ ခရီးသွားများကို ဗီဇာကင်းလွတ်ခွင့်ပေးရန် မိမိတို့စဉ်းစားနေကြောင်း အင်ဒိုနီးရှားခရီးသွားလုပ်ငန်းဝန်ကြီး စန်ဒီယာဂါယူဒိုက ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာရေးအတွက် ပြည်ပခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေးခြင်းကို နည်းလမ်းတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် သမ္မတဂျိုကိုဝီဒိုဒိုက ပြောကြားထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ပြည်ပခရီးသည် ၉ ဒသမ ၄၉ သန်း ဝင်ရောက်ခဲ့ရာ ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၂၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါမပေါ်ပေါက်မီ ၂၀၁၉ ခုနှစ်တွင် အင်ဒိုနီးရှားသို့ ဝင်ရောက်လာသည့်ပြည်ပခရီးသည် အရေအတွက်မှာ ၁၆ သန်းထိရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံကဲ့သို့ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် ထိုင်းနှင့်မလေးရှားနိုင်ငံတို့ကလည်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် တရုတ်နှင့်အိန္ဒိယခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အမေရိကန်သံရုံးရှိသည့် ဘဂ္ဂဒက်အစိမ်းရောင်ဇုန်၌ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်းရှိ အစိမ်းရောင်လုံခြုံရေးဇုန်သည် ယနေ့ နံနက်ပိုင်းတွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကြောင်း အီရတ်အစိုးရ လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အစိမ်းရောင်ဇုန်သည် အမေရိကန်သံရုံးတည်ရှိရာနေရာဖြစ်ပြီး လုံခြုံရေးအခိုင်အမာတည်ဆောက်ထားသည့် နေရာဖြစ်သည်။


ယနေ့ နံနက်ပိုင်းတွင် အမေရိကန်သံရုံးအနီး ပေါက်ကွဲသံများနှင့် ဥဩဆွဲသံများပေါ်ထွက်ခဲ့ကြောင်း အီရတ်လူမှုမီဒီယာစာမျက်နှာများ၌ ဗီဒီယိုဖိုင်များနှင့်တကွ ဖော်ပြထားသည်။

ယနေ့ အစိမ်းရောင်ဇုန်တိုက်ခိုက်ခံရမှုနှင့်ပတ်သက်၍ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ထိုနည်းတူ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များကို သံရုံး၌တပ်ဆင်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များက တားဆီးနိုင်မှု ရှိ၊ မရှိကိုလည်း အမေရိကန်သံရုံးက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလလယ်မှစ၍ အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့တွင်တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ရှီးယိုက်စ်ပြည်သူ့စစ်အုပ်စုများ၏ တိုက်ခိုက်မှုများကို အကြိမ်ပေါင်း ၇၀ ကျော် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# တရုတ်တိုက်လေယာဉ်များ ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်

**တိုင်ပေ ဒီဇင်ဘာ ၈**

တရုတ်တိုက်လေယာဉ် ၁၂ စင်းနှင့် ရာသီဥတုလေ့လာရေးမိုးပျံဘောလုံးအဖြစ်ယူဆရသော တရုတ်မိုးပျံဘောလုံးတစ်လုံးသည် ယနေ့တွင် ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကိုဖြတ်ကျော်ခဲ့ကြောင်း တရုတ်(တိုင်ပေ)က သတင်းထုတ်ပြန်ထားသည်။

တရုတ်(တိုင်ပေ)၌ သမ္မတရွေးကောက်ပွဲမကျင်းပမီ တစ်လခန့်အလိုတွင် တရုတ်တိုက်လေယာဉ်များနှင့် ရာသီဥတုလေ့လာရေးမိုးပျံဘောလုံးများ ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုင်ဝမ်ရေလက်ကြားအလယ်မျဉ်းသည် တရုတ်(တိုင်ပေ)နှင့် တရုတ်ပြည်မကြီးတို့ အကြားရှိ တရားမဝင်နယ်ခြားမျဉ်းဖြစ်သည်။

တရုတ်(တိုင်ပေ)ကို ပြည်မကြီး ခွဲထွက်နယ်မြေအဖြစ် သတ်မှတ်ထားသော တရုတ်နိုင်ငံသည် လေးနှစ်အတွင်း တရုတ်(တိုင်ပေ) ကျွန်းပတ်ပတ်လည်ရှိ စစ်ရေးလှုပ်ရှားမှုများမြှင့်တင်လာခဲ့သည်။

ရာသီဥတုလေ့လာရေးမိုးပျံဘောလုံးအဖြစ်ယူဆရသည့် တရုတ်မိုးပျံဘောလုံးကို တရုတ်(တိုင်ပေ) အနောက်တောင်ပိုင်း ကီလန်းမြို့နှင့် ရေမိုင် ၁၀၁ မိုင်အကွာတွင် ထောက်လှမ်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)သည် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က မကြာမီကာလအတွင်း စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်



**ဝါရှင်တန် ဒီဇင်ဘာ ၈**

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် မကြာမီကာလအတွင်း စကြဝဠာစူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဒီဇင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် ဂျိုင်ရိုစကုပ်ကိရိယာချို့ယွင်းချက်များကြောင့် နိုဝင်ဘာ ၁၉ ရက်မှစ၍ စူးစမ်းလေ့လာရေးလုပ်ငန်းများကို အလိုအလျောက်ရပ်ဆိုင်းခဲ့သည်။

သို့ရာတွင် နာဆာကျွမ်းကျင်သူများအနေဖြင့် ဂျိုင်ရိုစကုပ်ပြဿနာများကို ဖြေရှင်းထားနိုင်ပြီဖြစ်ရာ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် မကြာမီကာလအတွင်း စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း နာဆာသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဂျိုင်ရိုစကုပ်များသည် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ် မျက်နှာမူသည့်လားရာကို ထိန်းပေးသည့် ကိရိယာများဖြစ်ကြကြောင်း သိရသည်။

မူလက ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်တွင် ဂျိုင်ရိုစကုပ်ခြောက်ခု တပ်ဆင်ထားသော်လည်း လက်ရှိအချိန်တွင် သုံးခုသာ ပုံမှန်လည်ပတ်နိုင်ကြောင်း သိရသည်။

ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်း နှစ် ၃၀ ကာလအတွင်း စကြဝဠာ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရေးအတွက် များစွာအထောက်အကူပေးခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**


## ရှားပါးသည့်အာကာသဖြစ်စဉ်တစ်ရပ်ကြောင့် ဘီးတဲလ်ဂျူစ်ကြယ် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာမြေမြင်ကွင်းမှ ခေတ္တပျောက်ကွယ်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

ရှားပါးသည့် အာကာသဖြစ်စဉ်တစ်ရပ်ကြောင့် ညကောင်းကင်၏ အတောက်ပဆုံးကြယ်တစ်ပွင့်ဖြစ်သော ဘီးတဲလ်ဂျူစ်ကြယ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာမြေမြင်ကွင်းမှခေတ္တပျောက်ကွယ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် ဂြိုဟ်သိမ်တစ်စင်း၏ ဖုံးကွယ်မှုကြောင့် ဘီးတဲလ်ဂျူစ်ကြယ်သည် ကမ္ဘာမြေညကောင်းကင်မှ ၁၂ စက္ကန့်ကြာ ပျောက်ကွယ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

၃၁၉ လီယိုနာအမည်ရှိ ဂြိုဟ်သိမ်တစ်စင်းသည် ဒီဇင်ဘာ ၁၁ ရက်တွင် ဘီးတဲလ်ဂျူစ်ကြယ်နှင့် ကမ္ဘာမြေတို့ကြား ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။



ထိုသို့ ဖြတ်ကျော်ပျံသန်းစဉ် ၃၁၉ လီယိုနာဂြိုဟ်သိမ်၏ အရိပ်ထိုးမှုကြောင့် ကမ္ဘာမြေ၏ညကောင်းကင်၌ ဘီးတဲလ်ဂျူစ်ကြယ် ယာယီပျောက်ကွယ်သွားနိုင်ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာနှင့်ကြယ်များကြား ဂြိုဟ်သိမ်များ အမြဲတစေဖြတ်သန်းနေသော်လည်း ဂြိုဟ်တစ်စင်း၏အရိပ်ထိုးမှုကြောင့် ကြယ်တစ်စင်းယာယီပျောက်ကွယ်ရမှုမှာ အလွန်ရှားပါးသည့် အာကာသဖြစ်စဉ်ဖြစ်သည်။

ဘီးတဲလ်ဂျူစ်ကြယ်သည် အော်ရီယွန်နက္ခတ္တာရာနယ်မြေအတွင်း တည်ရှိပြီး ကမ္ဘာမြေနှင့်အလင်းနှစ် ၆၄၂ ဒသမ ၅ သန်းကွာဝေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဗုဒ္ဓဟူးဂြိုဟ်မြောက်ဝင်ရိုးစွန်းဒေသက အလွန်တရာအကြမ်းခံသည့် သက်ရှိပုံစံများရှင်သန်နိုင်ရေးအတွက် သင့်လျော်သည့်နောက်ခံအခြေအနေများ ရှိနေနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

ဗုဒ္ဓဟူးဂြိုဟ်မြောက်ဝင်ရိုးစွန်းဒေသသည် အလွန်တရာအကြမ်းခံသည့် သက်ရှိပုံစံများ ရှင်သန်နိုင်ရေးအတွက် သင့်လျော်သည့် နောက်ခံအခြေအနေများ ရှိနေနိုင်ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ဗုဒ္ဓဟူးဂြိုဟ်မြောက်ဝင်ရိုးစွန်း မျက်နှာပြင်အောက်ရှိ မြေအောက်ဆားငန်ရေခဲပြင်များ၌ သက်ရှိများ ရှိနေနိုင်သည်ဟု အမေရိကန်နိုင်ငံ ဂြိုဟ်များလေ့လာရေးအင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗုဒ္ဓဟူးဂြိုဟ်မြောက်ဝင်ရိုးစွန်းရှိ ဒေသများနှင့်နှိုင်းယှဉ်၍ ရနိုင်သည့်နေရာများ ကမ္ဘာပေါ်တွင်လည်းရှိကြောင်း၊ ကမ္ဘာဂြိုဟ်ပေါ်တွင်လည်း လွန်စွာကြမ်းတမ်းသည့်တိုင် သက်ရှိရုပ်များ ရှင်သန်နိုင်စွမ်းရှိသည့် နေရာများရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ ဗုဒ္ဓဟူးဂြိုဟ်မြောက်ဝင်ရိုးစွန်းနယ်မြေရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေများ၌ တစ်ချိန်သောအခါက ဆားဓာတ်ပါရေခဲလွှာများ စီးမျောခဲ့ဖူးကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ခဲ့သည့် မက်ဆင်ဂျာ အာကာသယာဉ်များ ရရှိသော အချက်အလက်များဖြင့် ဗုဒ္ဓဟူးဂြိုဟ် မြောက်ဝင်ရိုးစွန်းကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ဓာတ်မတည့်ရောဂါ ဆေးတစ်မျိုးကို အမေရိကန်သုတေသနပညာရှင်များ တွေ့ရှိ

**နယူးယောက် ဒီဇင်ဘာ ၈**

ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အဆုတ်ကင်ဆာဆဲလ်များ ပေါ်ထွက်မှုကို လျှော့ချပေးနိုင်မည့် ဓာတ်မတည့်ရောဂါဆေးတစ်မျိုးကို အမေရိကန် သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ Allergy Pathway ခေါ် ဓာတ်မတည့်မှုဆိုင်ရာ နှုဗ်ဆဲလ်လမ်းကြောင်းတစ်မျိုးကို လုပ်ငန်းလည်ပတ်မှုပိတ်ထားနိုင်ပါက ၎င်းဆဲလ်လမ်းကြောင်း အဆုတ်ကင်ဆာဆဲလ်များကို ချေဖျက်ပေးနိုင်သော ကင်ဆာဆဲလ် ဆန့်ကျင်ရေးမော်လီကျူးတစ်မျိုးကို ထုတ်ပေးတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Dupilumab အမည်ရှိ ဓာတ်မတည့်ရောဂါဆေးတစ်မျိုးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Dupilumab ဆေးသည် ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အဆုတ်ကင်ဆာဆဲလ်များကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

Dupilumab ဆေး၏ အထက်ပါအကျိုးကျေးဇူးကို စမ်းသပ်မှုတွင် ပါဝင်သည့် လူနာခြောက်ဦးလျှင် တစ်ဦးနှုန်း ရယူခံစားနိုင်သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် Dupilumab ဆေး၏အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

## မိသားစုဝင်များတွင် နှလုံးရောဂါရှိဖူးသူများ အဆီဓာတ်ကြွယ်ဝသည့်ငါးများ စားသုံးသင့်

**တောဟုမ်း ဒီဇင်ဘာ ၈**

မိသားစုဝင်များကြား နှလုံးရောဂါရှိခဲ့ဖူးသူများအနေဖြင့် အဆီဓာတ်ကြွယ်ဝသည့်ငါးများ စားသုံးသင့်ကြောင်း ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ဆယ်လ်မွန်ငါး၊ ဆာဒင်းငါးကဲ့သို့သော အဆီဓာတ်ကြွယ်ဝသည့်ငါးများ၌ အိုမီဂါ-၃ ဖက်တီးအက်စစ် ပါဝင်မှုမြင့်မားတတ်ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာ ဆေးပညာအင်စတီကျုမှ ဆေးပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်မှုနည်းပါးပြီး မိသားစုဝင်များကြား နှလုံးရောဂါအခံရှိခဲ့လျှင် နှလုံးရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၄၀ ရာခိုင်နှုန်း ပို၍မြင့်မားလာနိုင်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆီဓာတ်ပါဝင်မှုမြင့်မားသည့်ငါးများ စားသုံးရာတွင် မိသားစုဝင်များကြား နှလုံးရောဂါရှိခဲ့ဖူးသူများအနေဖြင့် နှလုံးကျန်းမာရေးအကျိုးကျေးဇူးများကို အခြားသူများထက်ပို၍ ရယူနိုင်ဖွယ်ရှိကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ခုခံအားစနစ်ကိုမြှင့်တင်ပေးနိုင်သကဲ့သို့ ရောင်ရမ်းမှု၊ သွေးဖိအားနှင့် ကိုလက်စထရောစုစည်းမှုတို့ကိုလည်း လျှော့ချပေးနိုင်သည်။

ဆွီဒင် သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာရာဇီးစီးရီးအေပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူးဆွာရက်ဇ် ဆွတ်ခူး

**ရီယိုဒီဂျနေးယိုး ဒီဇင်ဘာ ၈**

ဘာရာဇီး စီးရီးအေပြိုင်ပွဲတွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဂရီမီအိုအသင်းအတွက် ပြိုင်ပွဲစုံ ၅၃ ပွဲတွင် သွင်းဂိုး ၂၆ ဂိုး သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး ဆွာရက်ဇ်က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဥရုဂွေးကလပ် နေစီယွန်နယ်အသင်းမှ ဂရီမီအိုအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ဒူးဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဝခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ မကစားနိုင်မည်ကို စိုးရိမ်နေသော်လည်း ၎င်းအနေဖြင့်အသင်းအတွက် ခြေစွမ်းပြသ၍ အပြည့်အဝပါဝင်ကစားပေးနိုင်ခဲ့ကာ ရာသီပိတ်ပွဲစဉ်တွင်လည်း သွင်းဂိုး နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ဖလူမီနန်စီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရခဲ့သောကြောင့် ဂရီမီအိုအသင်းအနေဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် ၎င်းသည်တစ်နှစ်တာ အကောင်းဆုံး ကစားသမားစာရင်းတွင် အသက် ၁၇ နှစ်ရှိ ပါမီးယက်စ်အသင်း လူငယ်ကစားသမား အန်းဒရစ်၊ အက်သလက်မင်နဲရိုး တိုက်စစ်မှူးဟော့ခ်တို့နှင့်အတူပါဝင်လာခဲ့ပြီး ဂျာနယ်လစ်များ၏ မဲရွေးချယ်မှုတွင် မဲအများဆုံးရရှိခဲ့သောကြောင့် အဆိုပါဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

# AFC Futsal Coaching Certificate Course- Level 2 သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့မှ ပူးပေါင်းဖွင့်လှစ်မည့် AFC Futsal Coaching Certificate Course- Level 2 သင်တန်းကို ရန်ကုန်မြို့၌ ဒီဇင်ဘာ ၂၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

AFC Futsal Coaching Certificate Course- Level 2 သင်တန်း တက်ရောက်လိုသူများ အနေဖြင့် AFC Futsal-Level 1 အောင်မြင်ပြီး သက်တမ်းတစ်နှစ်ရှိသူဖြစ်ရမည်ဖြစ်ကာ မြန်မာဖူဆယ် လက်ရွေးစင်ဖြစ်ပါက သက်တမ်းလိုအပ်ချက်ကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။

အလားတူ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ကလပ်၊ အသင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်း၏ ထောက်ခံစာပါရှိရမည်ပြီး ဖူဆယ်ကစားနည်းကို ကောင်းမွန်စွာကစားနိုင်သူဖြစ်ကာ နည်းပြတာဝန်ကို စိတ်ပါဝင်စားစွာ လုပ်ဆောင်လိုသူဖြစ်ရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် ကျန်းမာရေး ကောင်းမွန်ပြီး သင်တန်းတွင် လက်တွေ့လေ့ကျင့်မှု သင်ခန်းစာများကိုလုပ်ဆောင်နိုင်သူဖြစ်ရမည်ဖြစ်ကာ လက်ရှိနည်းပြတာဝန် ထမ်းဆောင်နေသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်ပြီး အင်္ဂလိပ်ဘာသာကိုအတော်အသင့် နားလည်သူဖြစ်ကာ ကွန်ပျူတာ Power Point နှင့်တကွ တင်ပြဆွေးနွေးနိုင်ရမည်ဖြစ်သည်။

သင်တန်း ဝင်ကြေးအဖြစ် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ်နှစ်သိန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ တစ်ထောင်ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၉ ရက်ထိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသို့ တက်ရောက်လိုသူ နည်းပြများ အနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းနှင့် ချဲလ်ဆီးအသင်းတို့က လိုင်ယွန်အသင်း ကစားသမားချာကီကို ယူရို သန်း ၂၀ ဖြင့်ဝယ်ယူရန် အပြိုင်ကြိုးပမ်းနေပြီး လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- အမေရိကန်အခြေစိုက် Arctos Partners ကုမ္ပဏီက ပီအက်စ်ဂျီအသင်းမှ ယူရို လေးဘီလီယံတန်းဖိုးရှိ အစုရှယ်ယာ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကိုဝယ်ယူခဲ့ကြောင်း အသင်းတာဝန်ရှိသူများက တရားဝင်ကြေညာခဲ့သည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် မြဝတီအက်ဖ်စီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




**ရန်ကုန် ဒီဇင်ဘာ ၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ပြိုင်ဘက်အသင်းများကို နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ကစားခဲ့သည့် မြဝတီအက်ဖ်စီအသင်းနှင့် GFA အသင်းတို့ပွဲစဉ်တွင် ပွဲစကတည်းက မြဝတီအက်ဖ်စီအသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများနှင့်အတူ GFA အသင်း၏ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့မှုများကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြဝတီအက်ဖ်စီအသင်းက တိုက်စစ်မြင့်ကစားခဲ့ရာ ပွဲချိန် ၄၈ မိနစ်နှင့် မိနစ် ၇၀ တွင် သက်ဝေမိုးကလည်းကောင်း၊ ပွဲချိန် ၆၁ မိနစ်တွင် သီဟဇော်ကလည်းကောင်း၊ ပွဲချိန် ၆၃ မိနစ်တွင် သန့်ဇင်အောင်က လည်းကောင်း မြဝတီအက်ဖ်စီ အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး GFA အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၅၁ မိနစ်တွင် ဟိန်းသက်ဖြိုးက သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက GFA အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် ရတနာပုံအက်ဖ်စီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက ပွဲချိန် မိနစ် ၈၀ တွင် သွင်းယူခဲ့သည့် အံ့မော်ဦး၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ၂၀၂၄ ကိုပါအမေရိကဖလားအုပ်စုမဲခွဲပွဲတွင် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်း အုပ်စု(A)၌ကျရောက်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် ၂၀၂၄ ကိုပါအမေရိကဖလား အုပ်စုမဲခွဲပွဲတွင် လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းသည် အုပ်စု(A)တွင် ပီရူး၊ ချီလီ၊ကနေဒါ(သို့မဟုတ်)ထရီနီဒက်တိုဘာဂိုအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲကို မြောက်အမေရိကတိုက်မှ အသင်းခြောက်သင်းကို ဖိတ်ခေါ်ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်အမေရိကန်အပါအဝင် ကွန်ကာကပ်နေးရှင်းလိဂ် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် ဂျမေကာ၊ ပနားမား၊ မက္ကဆီကိုအသင်းတို့နှင့်အတူ(ကနေဒါနှင့် ထရီနီဒက်တိုဘာဂို၊ ကော်စတာရီကာနှင့် ဟွန်ဒူးရပ်စ်)တို့မှ play-off ကစား၍ အနိုင်ရသည့်အသင်းနှစ်သင်းက ကိုပါအမေရိကဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အုပ်စုမဲခွဲပွဲ၌ အုပ်စု(A)တွင် အာဂျင်တီးနား၊ ပီရူး၊ ချီလီ၊ ကနေဒါ (သို့မဟုတ်) ထရီနီဒက်တိုဘာဂို၊ အုပ်စု(B)တွင် မက္ကဆီကို၊ အီကွေဒေါ၊ ဗင်နီဇွဲလား၊ ဂျမေကာ၊အုပ်စု(C)တွင် အမေရိကန်၊ ဥရုဂွေး၊ ပနားမား၊ ဘိုလီးဗီးယား၊ အုပ်စု(D)တွင် ဘရာဇီး၊ ကိုလံဘီယာ၊ ပါရာဂွေး၊ ကော်စတာရီကာ(သို့မဟုတ်) ဟွန်ဒူးရပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကို လာမည့်နှစ် ဇွန် ၂၀ ရက်မှဇူလိုင် ၂ ရက်ထိလည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇူလိုင် ၄ ရက်မှ ၆ ရက်ထိလည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင်လည်းကောင်း၊ တတိယလုပွဲစဉ်ကို ဇူလိုင် ၁၃ ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ဂျွန်ရမ်း ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၈**

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းသည် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

LIV Golf ဂေါက်သီးရိုက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဂျွန်ရမ်းတို့အကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် စတာလင်ပေါင်သန်း ၄၅၀ တန်ကြေးရှိသည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည့်အတွက် ဂေါက်သီးရိုက်လောကမှ ဂန္ထဝင်ကစားသမားများ အပါအဝင် လက်ရှိ ဂေါက်သီးရိုက်လောက၏ အကောင်းဆုံး ကစားသမားများ တချို့က ဂျွန်ရမ်းသည် ငွေကြေးကြောင့် LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်မှုများပြုလုပ်ခဲ့သည်။

ဂျွန်ရမ်းသည် ၂၀၂၂ ခုနှစ်တွင် LIV Golf ဂေါက်သီးရိုက် အဖွဲ့ချုပ်နှင့်ပူးပေါင်းခဲ့သော PGA Tour မှ ဂေါက်သီးရိုက်ကစားသမားများကို ဝေဖန်မှုများပြုလုပ်ခဲ့သူဖြစ်ပြီး LIV Golf အဖွဲ့ချုပ်၏ ကမ်းလှမ်းမှုများကို လက်ခံရရှိခဲ့သော်လည်း PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်အတွက်သာကစားပေးရန် ဆုံးဖြတ်ခဲ့သည်။

ငွေကြေးကြောင့် LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့်ပူးပေါင်းခဲ့ခြင်းဖြစ်ကြောင်း ထွက်ပေါ်နေသည့် ဝေဖန်မှုများနှင့်ပတ်သက်ပြီး ဂျွန်ရမ်းက "LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်ဟာ ဆန်းသစ်တဲ့ တီထွင်မှုတွေ၊ စိတ်ဝင်စားစရာကောင်းတဲ့ပုံစံတွေနဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပလာတာတွေ့ရတယ်။စိန်ခေါ်မှုအသစ်တွေနဲ့ရင်ဆိုင်ချင်လို့ LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်နဲ့ပူးပေါင်းဖို့ ဆုံးဖြတ်ခဲ့တာပါ။ LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်နဲ့ ပူးပေါင်းလိုက်ရတဲ့အကြောင်းပြချက်တွေကအများကြီးရှိပါတယ်။ ကျွန်တော်နဲ့ LIV Golf ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့အကြား ကောင်းမွန်တဲ့ သဘောတူညီချက်တွေရရှိထားပါတယ်။ ကမ်းလှမ်းလာတဲ့ ငွေကြေးပမာဏကလဲ စွဲမက်ဖွယ်ကောင်းပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်တော်ဟာ ငွေကြေးကြောင့် LIV Golf အဖွဲ့ချုပ်နဲ့ ပူးပေါင်းခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်ချစ်တဲ့ ဂေါက်သီးရိုက်အားကစား ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ပဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းထံပေးပို့မည့် NATO တိုက်လေယာဉ်များကို တရားဝင်ပစ်မှတ်များအဖြစ်သတ်မှတ်မည်ဟု ရုရှားပြော



ရုရှားနိုင်ငံသည် ယူကရိန်းထံပေးပို့မည့် NATO တိုက်လေယာဉ်များကို တရားဝင် ပစ်မှတ်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က ပြောကြားလိုက်ကြောင်း နိုင်ငံပိုင် RT သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၆ ရက်က ပုံမှန်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် အနောက်နိုင်ငံများက ယူကရိန်းကို မကြာမီ အဆင့်မြင့်တိုက်လေယာဉ်များ ပံ့ပိုးပေးမည်ဆိုသည်ကို ရုရှားက သတိပြုမိကြောင်းနှင့် လာမည့်နှစ်တွင် ပထမဆုံးပေးပို့သွားမည်ဟု မျှော်လင့်ထားကြောင်း Zakharova က ပြောကြားခဲ့သည်။

သို့သော်လည်း ယူကရိန်းနိုင်ငံ၏ လေယာဉ်ကွင်း အခြေခံအဆောက်အအုံပိုင်းတွင် သိသိသာသာ ပျက်စီးသွားခဲ့ပြီဖြစ်ရာ အဆိုပါတိုက်လေယာဉ်များသည် ပိုလန်၊ ဆလိုဗက်ကီးယားနှင့် ရိုမေးနီးယားနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ တစ်ဆင့် တပ်ဖြန့်အသုံးပြုနိုင်ဖွယ်ရှိကြောင်း Zakharova က ပြောကြားသည်။

ရုရှားစစ်ဘက်သည် ယူကရိန်းစစ်ဘက်ဘက်မှနေ၍ ပဋိပက္ခတွင်ပါဝင်လာမည့် တိုက်လေယာဉ်များအားလုံးကို တရားဝင်ပစ်မှတ်များအဖြစ်သတ်မှတ်၍ တိုက်ခိုက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

လာမည့်အနာဂတ်တွင် F-16 တိုက်လေယာဉ်များ လွှဲပြောင်းပေးပို့မှုသည် NATO အဖွဲ့ကို ယူကရိန်းပဋိပက္ခတွင် ပို၍ပင်ပါဝင်ပတ်သက်သွားစေခြင်းသာဖြစ်ပြီး အမေရိကန်ဦးဆောင်သော စစ်ဘက်အစုအဖွဲ့သည် ယူကရိန်းသို့လက်နက်များပေးပို့နေခြင်းသည် အမှန်တကယ်တွင် ရုရှားကို ကြားခံစစ် တစ်နည်းအားဖြင့် (ကိုယ်ပွားစစ်) ဆင်နွှဲနေခြင်းဖြစ်ကာ ယူကရိန်းကို ကယ်တယ်ရန်မှာ ဟန်ဆောင်နေခြင်းသာဖြစ်သည်ဟု Zakharova က ထပ်လောင်းပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံ၏ လေကြောင်းစိုးမိုးမှုကိုတန်ပြန်ရန် အနောက်နိုင်ငံများထံမှ အဆင့်မြင့်တိုက်လေယာဉ်များ တောင်းဆိုခဲ့သည်။ မေလတွင် ဗြိတိန်နှင့် နယ်သာလန်နိုင်ငံတို့သည် ယူကရိန်းအတွက် F-16 တိုက်လေယာဉ်များ ဝယ်ယူရာတွင် ကူညီရန်အတွက် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဩဂုတ်လတွင် ယူကရိန်းကို တိုက်လေယာဉ် ၆၁ စင်းထိ ပေးပို့သွားမည်ဟု ကတိပြုထားသည့် ဒိန်းမတ်နှင့်နယ်သာလန်တို့အတွက် တိုက်လေယာဉ်များ ပြန်လည်တင်ပို့ရောင်းချခွင့်ကို အမေရိကန်က သဘောတူခွင့်ပြုပေးခဲ့ပြီး ယူကရိန်းလေယာဉ်မှူးများကို လေ့ကျင့်သင်တန်းပေးရေးကိုပါ တစ်ပါတည်း ခွင့်ပြုပေးခဲ့သည်။ ဘယ်လ်ဂျီယံသည် ယူကရိန်းကို ၂၀၂၅ ခုနှစ်မှစတင်၍ အမေရိကန်ထုတ်တိုက်လေယာဉ်များ ထောက်ပံ့ပေးသွားမည်ဟု ပြောကြားခဲ့ပြီး အရေအတွက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အမေရိကန်နိုင်ငံ ကိုယ်တိုင်ကလည်း နိုင်ငံတွင်း၌ ယူကရိန်းလေယာဉ်မှူးအချို့ကို လေ့ကျင့်သင်တန်းပေးလျက်ရှိပြီး ကြံ့ခိုင်ထိန်းသိမ်းရေးနှင့် ပြုပြင်မွမ်းမံရေးသင်တန်းကို နောက်ထပ်တပ်ဖွဲ့ဝင် ၂၀၀ ခန့်ထိ လက်ခံသင်ကြားပေးရန် စီစဉ်ထားသည်။

F-16 ပို့ဆောင်ရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်များအားလုံးကို ချမှတ်ပြီးဖြစ်ကြောင်းနှင့် နည်းပညာဆိုင်ရာ ပြဿနာများအားလုံးကို ဖြေရှင်းပြီးသည်နှင့် တိုက်လေယာဉ်များရောက်ရှိလာမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၅ ရက်တွင် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmitry Kuleba က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းသို့ စစ်လက်နက်များ လွှဲပြောင်းပေးပို့ခြင်းနှင့် ပတ်သက်၍ အနောက်နိုင်ငံများကို အကြိမ်ကြိမ်သတိပေးခဲ့ပြီး ပဋိပက္ခကိုရှည်ကြာစေရုံသာမက အထူးစစ်ဆင်ရေး၏ ရလဒ်ကို ပြောင်းလဲနိုင်လိမ့်မည်မဟုတ်ကြောင်း အထပ်ထပ်အခါခါ ပြောကြားခဲ့သည်။

**NATO warplanes 'legitimate targets' over Ukraine – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## အီဂျစ်နိုင်ငံ EDEX 2023 ကာကွယ်ရေးပြပွဲတွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကထုတ်လုပ်သည့် Ahmous ဘက်စုံသုံးဒရုန်းကို ထုတ်ဖော်ပြသ

အီဂျစ်နိုင်ငံ EDEX 2023 ကာကွယ်ရေးပြပွဲတွင် အီဂျစ်နိုင်ငံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်ထားသည့် Ahmous ဘက်စုံသုံးဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းသည် လက်ရှိ ဒရုန်းကဏ္ဍတွင် နည်းပညာဆိုင်ရာအင်္ဂါရပ်များ၊ ဒီဇိုင်းများဖြင့် သိသာထင်ရှားသော ဆင့်ကဲတိုးတက်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို ကိုယ်စားပြုထားသည်။

Ahmous ဒရုန်းသည် ပျမ်းမျှပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၂၀၀၀ တွင် စောင့်ကြည့်ထောက်လှမ်းရေးတာဝန်ကို ကျယ်ပြန့်စွာ ထမ်းဆောင်နိုင်သည်။ ၎င်းကို ၁၄၅ မြင်းကောင်ရေအားရှိ ပစ္စတင်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံးအလျင်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ထိ ပျံသန်းနိုင်သည်။ ပုံမှန်အလျင်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၁၂၀ မှ ၂၄၀၊ မြေပြင်သို့ဆင်းသက်သည့်အလျင်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ဖြင့် ရည်မှန်းချက်တာဝန်များကို ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။

Ahmous ဒရုန်း၏ အဓိကအင်္ဂါရပ်များထဲမှတစ်ခုမှာ လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၃၀ ကြာ ပျံသန်းနိုင်စွမ်းရှိခြင်းဖြစ်သည်။ အဆင့်မြင့်တင်ထားသော Line-of-Sight(LOS)စွမ်းရည်များကို ပံ့ပိုးပေးနိုင်ရန် မြေရာခံထိန်းကျောင်းရေးအင်တင်နာတစ်ခု တပ်ဆင်ထားပြီး နောက်ထပ် ကီလိုမီတာ ၁၀၀ ကျော်ထိ ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုကိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဖြစ်သည်။

လောင်စာဆီတိုင်ကီများအတွက် Hardpoints များကို ပေါင်းထည့်ပေးထားခြင်းသည် ဒရုန်း၏ပျံသန်းနိုင်စွမ်း အကွာအဝေးကို ပိုမိုတိုးတက်စေပြီး ရေရှည်ထမ်းဆောင်ရမည့် ရည်မှန်းချက်တာဝန်များအတွက် သင့်လျော်စေမည်ဖြစ်သည်။

အဆိုပါဘက်စုံသုံး ဒရုန်းတွင် ခေတ်မီဆန်းသစ်သော EO/IR (Electro-Optical/Infrared) နှင့် SAR (Synthetic Aperture Radar) ရေဒါစနစ်များတပ်ဆင်ထားသည်။ ၎င်းစနစ်များသည် စစ်ဘက်နှင့် အရပ်ဘက် အသုံးချမှုနှစ်ခုစလုံးအတွက် ကြည်လင်ပြတ်သားသည့် ပစ်မှတ်ပုံရိပ်ဖော်ထုတ်ခြင်းနှင့် ထောက်လှမ်းခြင်းတို့အတွက် မရှိမဖြစ် လိုအပ်လှပေသည်။




ဘက်စုံသုံး Ahmous ဒရုန်းကို အဝေးမှမောင်းနှင်နိုင်ခြင်း၊ အလိုအလျောက် ပျံသန်းဆင်းသက်ခြင်းများ အပြည့်အဝပြုလုပ်နိုင်စွမ်းရှိပြီး ဘက်စုံသုံးဒရုန်းအဖြစ် အသုံးပြုနိုင်စေရန်အတွက် အဆိုပါစွမ်းရည်များသည် အရေးကြီးသည်။ ဒရုန်းတွင် မလိုအပ်သော ပျံသန်းမှုကိုထိန်းချုပ်နိုင်သည့် Flight Control Surfaces ပါရှိပြီး ယုံကြည်စိတ်ချရမှုနှင့် ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်စေမည်ဖြစ်သည်။

Ahmous ဘက်စုံသုံးဒရုန်း၏ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်မှုအကွာအဝေးကို ထပ်မံတိုးချဲ့ရန်အတွက် မြေပြင်ထိန်းချုပ်ရေးစခန်း (GCS)ကို အသုံးပြုနိုင်မည်ဖြစ်သည်။ ထိုသို့ အမျိုးမျိုးသော ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်မှုနှင့် ကျယ်ပြန့်သောဧရိယာအတွင်း ထိရောက်စွာလွှမ်းခြုံလုပ်ဆောင်နိုင်မှုကို သေချာစေမည်ဖြစ်ကြောင်း သိရသည်။

**EDEX 2023: Egypt displays Ahmous multi-role drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အမေရိကန်-တရုတ် လက်နက်ထိန်းချုပ်မှုတွင် တောင်ကိုရီးယား၏အခန်းကဏ္ဍ

တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်၊ တရုတ်တို့နှင့် လက်နက်ထိန်းချုပ်ရေး သဘောတူညီချက်ထားရှိသည်ဟု ထင်ရသော်လည်း မြောက်ကိုရီးယားနှင့်ဆက်နွယ်၍ ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ယခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်ထိ တောင်ကိုရီးယားနိုင်ငံ၌ အာရှစီးပွားအသိုက်အဝန်း ဖိုရမ်(AFCF)ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ဖိုရမ်အတွင်း အာရှနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးရည်မှန်းချက်ဖြင့် "နျူကလီးယားလက်နက်အပြိုင်အဆိုင်တပ်ဆင်မှုနှင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများတွင် နျူကလီးယားလက်နက် ဖြုတ်သိမ်းရေးအတွက် အမေရိကန်-တရုတ် ပူးပေါင်းဆောင်ရွက်မှုဖြစ်နိုင်ခြေရှိသလား"ဟူသောခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်၊ တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်-တရုတ် ယှဉ်ပြိုင်မှုတွင် သံခင်းတမန်ခင်းဆိုင်ရာရပ်တည်ချက်အတွက် ခိုင်မာသောဆုံးဖြတ်ချက်ချမှတ်ရန်နှင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်လျှော့ချရေးအတွက် စည်းရုံးသိမ်းသွင်းဆောင်ရွက်နေရသည့်အချိန်တွင် အမေရိကန်နှင့်တရုတ်တို့ကြား ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းသည် လက်နက်ထိန်းချုပ်ရေးဆိုင်ရာပြဿနာများနှင့်စပ်လျဉ်း၍ တောင်ကိုရီးယားနိုင်ငံ၏ အရေးပေါ်လိုအပ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

အမေရိကန်နှင့် တရုတ်တို့သည် နျူကလီးယားထိန်းချုပ်ရေးဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကို နိုဝင်ဘာ ၆ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ တိုးတက်မှုတစ်စုံတစ်ရာမျှ ထွက်ပေါ်လာခြင်းမရှိသော်လည်း ကန့်သတ်ထိန်းချုပ်မှုမရှိသည့် လက်နက်ပြိုင်ပွဲများ၏ ဂယက်ရိုက်ခတ်မှုကို စိုးရိမ်ပူပန်မှုရှိကြောင်း နှစ်နိုင်ငံစလုံးက အသိအမှတ်ပြုဝန်ခံခဲ့သည်။ သမိုင်းကြောင်းအရ အမေရိကန်နှင့် တရုတ်တို့ကြား လက်နက်ထိန်းချုပ်မှုသည် လက်တွေ့ကျသည်ဟု မယူဆနိုင်ပေ။ တာလတ်ပစ် နျူကလီးယားတပ်ဖွဲ့များစာချုပ်(INF) ပျက်ပြယ်ခြင်းနှင့် New START စာချုပ်ပျက်ပြယ်နိုင်မှုအခြေအနေတို့တွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်နိုင်မှုသည် များစွာအရေးပါလျက်ရှိသည်။ အမေရိကန်သည် တရုတ်နိုင်ငံကို ပွင့်လင်းမြင်သာမှုရှိရေးအတွက် ဖိအားပေးပြောဆိုလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း အမေရိကန်နှင့်နှိုင်းယှဉ်လျှင် နျူကလီးယားပိုင်ဆိုင်မှုအဆင့်အတန်း အချိုးမညီဖြစ်နေမှုကို အလေးထားပြောဆိုလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုအရေအတွက် ကွာခြားနေမှုအပေါ် လျစ်လျူရှုနိုင်ခြင်းမရှိပေ။ ပစ်မှတ်များ အထူးသဖြင့် အမေရိကန်နိုင်ငံအတွင်းရှိ ပစ်မှတ်များအတွက် ဒုံးကျည်စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားရာတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုအရေအတွက်သည် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် မဟာအင်အားကြီး နှစ်နိုင်ငံကြား နျူကလီးယားစွမ်းဆောင်ရည်နှင့် အရေအတွက်တို့သည် ဟန်ချက်ထိန်းညှိရာ၌ အခရာကျလျက်ရှိသည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ကဲ့သို့ နျူကလီးယားလက်နက်များပိုင်ဆိုင်လာသည့်အချိန် ၂၀၃၀ ပြည့်လွန်နှစ်များထိ လက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်ဖွယ်ရာမရှိပေ။ လက်ရှိအချိန်တွင် အမေရိကန်နှင့် တရုတ်တို့သည် မဟာဗျူဟာမြောက်တည်ငြိမ်မှုတွင် နျူကလီးယားမဟုတ်သော နည်းပညာများ၏ သက်ရောက်မှုအပြင် ကမ္ဘာလုံးဆိုင်ရာနျူကလီးယား အခင်းအကျင်းနှင့် လက်နက်ထိန်းချုပ်မှုတို့တွင်လည်း ၎င်းတို့၏ လွှမ်းမိုးမှုနှင့်ပတ်သက်၍ ဆွေးနွေးသွားရန် လိုအပ်လာပြီဖြစ်သည်။

❖ အမေရိကန်နှင့်တရုတ်တို့ကြားတွင် နျူကလီးယားစတင်အသုံးမပြုရေးမူဝါဒသည် ဆက်လက်ခိုင်မာနေဆဲပင်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုကို ဟန့်တားနိုင်ရေးအတွက် အမေရိကန်၏ နျူကလီးယားထီးရိပ်အောက်တွင် ခိုလှုံရလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်ပြည်မကြီးထိ ရောက်ရှိပစ်ခတ်နိုင်သော ဒုံးကျည်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိလာပြီဖြစ်သည့်အတွက် စစ်မက်ဖြစ်ပွားချိန်တွင် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အပြည့်အဝအကာအကွယ်ပေးသွားနိုင်မလား ဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ ❖

ပထဝီနိုင်ငံရေးဆိုင်ရာရှုထောင့်အရ တောင်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် တရုတ်တို့ကြား လက်နက်ထိန်းချုပ်မှု သဘောတူညီချက်ရရှိရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့သော် ရလဒ်ထွက်ပေါ်လာနိုင်မှုသည် မြောက်ကိုရီးယားနိုင်ငံအပေါ် မူတည်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် ဖြုတ်သိမ်းရေးအတွက် အမေရိကန်နှင့် တရုတ်ကို တိုက်တွန်းနေစဉ် မြောက်ကိုရီးယား၏ တုံ့ပြန်ဆောင်ရွက်လာမှုကိုလည်း စိုးရိမ်ပူပန်ရလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားအစီအစဉ်ကို ဆက်လက်အရှိန်မြှင့်တင်လျက်ရှိသောကြောင့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိသော တောင်ကိုရီးယားနိုင်ငံအနေဖြင့် အာရှဒေသရှိ မတည်ငြိမ်ဖြစ်နေသောနေရာများအနက် တစ်ခုဖြစ်သည့် ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်နှင့် တရုတ်တို့၏ နျူကလီးယားလက်နက် အပြိုင်အဆိုင်တပ်ဆင်မှုတွင် သတိထားစောင့်ကြည့်လေ့လာသွားရန် လိုအပ်သည်။

အရှေ့အာရှဒေသ၌ နျူကလီးယားခြိမ်းခြောက်မှုများ မြင့်တက်လာသည့်အချိန်တွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်ရေးအတွက် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။ အရှေ့အာရှနိုင်ငံများကြားတွင် နျူကလီးယားအရှိန်မြှင့်တင်မှုနှင့် ပြန့်ပွားမှုများမှတစ်ဆင့် အပြန်အလှန် အပြတ်ဖြတ်ချေမှုန်းရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မျှဝေခြင်းအားဖြင့် နိုင်ငံတကာဆွေးနွေးပွဲများကို စတင်ဆောင်ရွက်သွားနိုင်ပေသည်။

စစ်ရေးအင်အားအပြိုင်အဆိုင် တည်ဆောက်လျက်ရှိပြီး တရုတ်(တိုင်ပေ)၊ ကိုရီးယားကျွန်းဆွယ်၊ အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်ကဲ့သို့ ဖြစ်နိုင်ခြေရှိသည့်ပဋိပက္ခများ တည်ရှိနေသော အရှေ့အာရှဒေသသည် အမေရိကန်နှင့် တရုတ်တို့၏ မဟာဗျူဟာမြောက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့် ပေါက်ကွဲလုနီးပါး အခြေအနေများတည်ရှိနေသည်။ ပဋိပက္ခများဖြစ်ပွားလာမည်ဆိုလျှင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည်ပင်လျှင် ကိုယ်တိုင်ထိန်းချုပ်ရန် စိန်ခေါ်မှုများရှိလာနိုင်သောကြောင့် ဒေသတွင်းနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

လက်ရှိ နိုင်ငံတကာ နျူကလီးယားဟန်ချက်ထိန်းညှိမှုတွင် တောင်ကိုရီးယား၏စွမ်းဆောင်ရည်များသည် အတန်အသင့်ရှိသော်လည်း ၎င်း၏အခန်းကဏ္ဍကို အားသစ်လောင်းသွားရန်လိုအပ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏အခန်းကဏ္ဍကို ကမ္ဘာလုံးဆိုင်ရာ အရေးပါသောအခန်းကဏ္ဍအဖြစ် တိုးချဲ့ရန် ကြိုးပမ်းနေစဉ်မှာပင် နိုင်ငံတကာတွင်လည်း တောင်ကိုရီးယားနိုင်ငံ၏ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာမှုကို မျှော်မှန်းလျက်ရှိသည်။ အမေရိကန်၊ တရုတ်နှင့် ရုရှားတို့က ဦးဆောင်ပြီး မြောက်ကိုရီးယား၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည့်တိုင်အောင် နျူကလီးယားလက်နက်ထိန်းချုပ်ရာတွင် တောင်ကိုရီးယား၏အခန်းကဏ္ဍကို လျှော့တွက်၍ မရပေ။

မြောက်ကိုရီးယားကို ဟန့်တားနိုင်မှုစွမ်းဆောင်ရည်နှင့် ဟန်ချက်တို့ ထိန်းညှိခြင်းအားဖြင့် နိုင်ငံတကာ လက်နက်ဖြုတ်သိမ်းမှုနှင့် နျူကလီးယားမပြန့်ပွားရေးကြိုးပမ်းမှုများတွင် တောင်ကိုရီးယား၏ အခန်းကဏ္ဍ တောင့်တင်းခိုင်မာအောင် ကြိုးပမ်းမှုများကို အဓိကကျသောအချက်များဖြင့် ကောက်ချက်ချနိုင်မည်ဖြစ်သည်။

ပထမဆုံးအချက်အနေဖြင့် လက်နက်အရေအတွက် လျှော့ချသည်ထက် နည်းပညာပိုင်းဆိုင်ရာ ထိန်းချုပ်မှုကို အလေးထားဆောင်ရွက်သွားသင့်ပေသည်။ လက်နက်အရေအတွက် တန်းတူညီတူပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အပြန်အလှန်ယုံကြည်မှုကင်းမဲ့နေသောကြောင့် လက်နက်စနစ်တစ်ခုချင်းစီ၏ နည်းပညာပိုင်းဆိုင်ရာ ထိန်းချုပ်မှုအပေါ် အလေးထားဆောင်ရွက်ခြင်းအားဖြင့် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ နျူကလီးယားတည်ငြိမ်မှုအပေါ် နည်းပညာအသစ်များ၏ သက်ရောက်မှုသည် ကြိုတင်ခန့်မှန်းတွက်ချက်ရန် မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ကုလသမဂ္ဂ၌ပြုလုပ်သည့် ဉာဏ်ရည်တုနည်းပညာ (AI)ကို စစ်ဘက်၌အသုံးပြုခြင်းကဲ့သို့သော ခေါင်းစဉ်များအပေါ် သုတေသနပြုလုပ်ခြင်းသည် လက်နက်ထိန်းချုပ်ရေးနှင့် နျူကလီးယားမပြန့်ပွားရေးကြိုးပမ်းမှုများအပေါ် အထောက်အကူပြုနိုင်ပေသည်။ AIနှင့် အာကာသစွမ်းဆောင်ရည်များသည် နျူကလီးယား ကွပ်ကဲမှု၊ထိန်းချုပ်မှုနှင့်ဆက်သွယ်မှု(NC3) စနစ်များကဲ့သို့သော နည်းပညာဆိုင်ရာ အစီအမံများကို ဦးဆောင်နိုင်စွမ်းရှိစေသည်။ နျူကလီးယားနှင့် ဆိုက်ဘာကြား ဆက်စပ်မှုသည် နျူကလီးယားအရှိန်မြင့်တက်လာမှုအခြေအနေကို တိုးမြှင့်ဖြစ်ပေါ်လာစေနိုင်သည်။ အဆိုပါနည်းပညာကို အမေရိကန်၊ တရုတ်တို့အပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ပိုင်ဆိုင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

အမေရိကန်နှင့်တရုတ်တို့ကြားတွင် နျူကလီးယားစတင်အသုံးမပြုရေးမူဝါဒသည် ဆက်လက်ခိုင်မာနေဆဲပင်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် မြောက်ကိုရီးယား၏ နျူကလီးယားခြိမ်းခြောက်မှုကို ဟန့်တားနိုင်ရေးအတွက် အမေရိကန်၏ နျူကလီးယားထီးရိပ်အောက်တွင် ခိုလှုံရလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန် ပြည်မကြီးထိ ရောက်ရှိပစ်ခတ်နိုင်သော ဒုံးကျည်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားရှိလာပြီဖြစ်သည့်အတွက် စစ်မက်ဖြစ်ပွားချိန်တွင် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အပြည့်အဝအကာအကွယ်ပေးသွားနိုင်မလားဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

လက်ရှိအချိန်တွင် နျူကလီးယားခေတ်သစ်ပေါ်ထွက်လာသောကြောင့် နျူကလီးယားလုံခြုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသည်။ နည်းပညာအသစ်များ၏ ဟန့်တားနှောင့်ယှက်မှုများ ထွက်ပေါ်လာခြင်းသည် ရှိရင်းစွဲဟန့်တားနိုင်မှုစွမ်းဆောင်ရည်နှင့် နိုင်ငံပေါင်းစုံပါဝင်သော နျူကလီးယားတပ်ဖွဲ့များ၊ နျူကလီးယားလက်နက်တပ်ဆင်ထားရှိခြင်းမရှိသောတပ်ဖွဲ့များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာစေလျက်ရှိသည်။

ထို့ကြောင့် လက်ရှိအချိန်တွင် အမေရိကန်နှင့် တရုတ်တို့အနေဖြင့် ၎င်းတို့၏ မဟာဗျူဟာမြောက်တည်ငြိမ်မှုအပြင် ကမ္ဘာလုံးဆိုင်ရာနျူကလီးယား အခင်းအကျင်းနှင့် လက်နက်ထိန်းချုပ်မှုတို့အပေါ် လွှမ်းမိုးနိုင်ရေးအတွက် ဆွေးနွေးပွဲများလုပ်ဆောင်သွားရန်အချိန်တန်နေပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ၎င်း၏ ပထဝီအနေအထားအရ နျူကလီးယားထိန်းချုပ်မှုဆွေးနွေးပွဲများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **South Korea's Role in China-US Arms Control By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၅ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၂၀ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၆၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" အင်းတော်မြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်း ၁၁၆၂၀ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ ၁၁၆၂၅ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းခတ် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ အရှည် ပေ ၃၄၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

မိုင်းခတ်မြို့နယ် ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၃၉၉ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၃၉၉ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**



# ကျိုက်လတ်မြို့နယ် အောင်ဗလကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ဗလကျေးရွာ၌ Trusty E-Commerce နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile ဖုန်းအသုံးပြုကာ Trusty Money ဖြင့် ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများသတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို Mobile Financial Payment စနစ်ဖြင့် ငွေကျပ် ၃၄၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုလှိုင်**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းပွဲဂုဏ်ပြုကဗျာ

## "မော်ကွန်းဥဒါန်း"

➢ နောင်တစ်ခေတ်၏ အောင်စစ်သည်
သမိုင်းသစ်မော်ကွန်း တင်ရစ်မည့်. . . ။

➢ အမိမြန်မာ၊ ပြည်သာယာကို
မာယာဆိုးကျိုး၊ လှည့်ကွက်မျိုးစုံ
အဟုန်ပြင်းစွာ၊ ဖြိုခွဲလာသည့်
မိစ္ဆာရန်စွယ်၊ အသွယ်သွယ်ကို
ကာကွယ်တွန်းလှန်၊ ထိုတာဝန်သည်
သားမောင်တို့အတွက်-
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

➢ အမိမြန်မာ၊ ပြည်သာယာသည်
ချစ်ကြည်စည်းရုံး၊ ပြုံးပန်းဝေဆာ
ငြိမ်းချမ်းသာသည့်၊ မြန်မာရွှေပြည်
ထိုခေတ်ဆီသို့၊ ရောက်မည်မျှော်မှန်း
လျှောက်လှမ်းသာအောင်၊ ဆောင်နိုင်စွမ်းသည်
သားမောင်တို့အတွက်-
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

➢ အမိမြန်မာ၊ ပြည်သာယာအား
ညီညာစည်းလုံး၊ စည်းရုံးစုပေါင်း
နိုင်ငံကောင်းဖြစ်၊ တိုးတက်ရစ်ဖို့
ကျစ်လျစ်ခိုင်မာ၊ ဝေဖြာစီးပွား
အာရှကျားတစ်ကောင်၊ ဖြစ်လာအောင်သည်
သားမောင်တို့အတွက်-
သမိုင်းပေးတာဝန် အမှန်ဖြစ်တော့သည်။

➢ အမိမြန်မာ၊ ပြည်သာယာအတွက်
စစ်တက္ကသိုလ်၊ ကျောင်းရိပ်ညို့၌
ဆိုထားလေးရပ်၊ သစ္စာမြတ်ကို
ဦးထိပ်ပန်ထား၊ စောင့်စားသိစေ
သတ္တိရဲစွမ်း၊ အမြဲတမ်းရှိစေ
ဝိဇ္ဇာသိပ္ပ၊ အတတ်ပညာ
စဉ်ဆက်မပြတ်၊ ဆည်းပူးကပ်စေ
စစ်တက္ကသိုလ်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်အောင်
သားမောင်ကြိုးပမ်း၊ တာဝန်ထမ်းလော့
သမိုင်းသစ်မော်ကွန်း တင်ရစ်မည့်. . . . ။ ။

**သီရိပြည့်စုံမေ**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of the 65th Intake of Defence Services Academy




Senior General Min Aung Hlaing addresses the Passing-out Parade of the 65th Intake of Defence Services Academy.

**Nay Pyi Taw December 8**

The Passing-out Parade of the 65th Intake of Defence Services Academy was held at the parade ground of DSA in PyinOoLwin this morning with an address by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Thiri Pyanchi Sithu Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Zeya Kyawhtin Sithu Moe Aung and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from Office of Commander-in-Chief, Union ministers, the chief minister of Mandalay Region and wife, the Central Command commander, military attaches of foreign missions in Myanmar, the DSA commandant, officials from PyinOoLwin Station, officer instructors and faculty members of the academic wing and training wing of DSA, who are the guardians of the cadets, and guests.

First, the cadet companies saluted the Senior General with slow-march past and quick-march past. The Senior General presented Best Cadet Award to Cadet No. 35743 Cadet Thurein Oo, Excellent Award in Training to Cadet No. 35778 Cadet Hein Htet Aung, Excellent Award in Studies (Arts) to Cadet No. 35486 Cadet Zay Lin Maung, Excellent Award in Studies (Science) to Cadet No. 35425 Cadet Chan Nyein Lwin and Excellent Award in Studies (Computer Science) to Cadet No. 35738 Cadet Han Hpone Myat.

In his address, the Senior General said today is a great rejuvenation day for the Nation and the Tatmadaw as it marks the fostering of a new generation of young leaders. I would like to impart that it is intended to efficiently utilise the integration of knowledge and expertise instilled by the alma mater, Defence Services Academy, along with personal experiences and cognition in practical fields, to becoming well-rounded and calibred officers who can be entrusted by the Nation and the Tatmadaw, aligned with the academy's motto, **"The Triumphant Elite of the Future."**



Senior General Min Aung Hlaing inspects cadet companies.

The alma mater, Defence Services Academy, has already nurtured comrades into young leaders through training aligned with the ethos, **"Honour, Valour, Wisdom"**. Honour embodies the virtue of remaining steadfast in the commitment to the assigned duties; Valour accentuates the **courageous confrontation of threats** to the Nation and the Tatmadaw; **Wisdom encompasses the acquisition of a sound knowledge in military science and the arts and science subjects, all essential for enabling a military leader to excel**. The senior brethren, the alumni officers, made strenuous efforts to serve their assigned duties successfully to the Nation and the Tatmadaw in successive terms. The alma mater, Defence Services Academy, radiates glory as the alumni officers fulfil the solemn duties of the Nation and the Tatmadaw in the present time. Thus, I would like to impart to those aspiring to become exemplary officers who can be entrusted by their superiors and respected by their subordinates to carry out assigned duties, in the pursuit of upholding the esteem and prestige of the Tatmadaw and the alma mater, Defence Services Academy.



Daw Kyu Kyu Hla attends the Passing-out Parade of DSA 65th Intake.

As for the comrades who will soon be inducted into young leaders to serve practical duties in the respective corps and units of Tatmadaw (Army, Navy, Air), it is important to understand the characteristics of leadership. **A leader must not only have commendable moral character, justice and prudence, and goodwill towards subordinates but also must lead them with empathy**. Accordingly, success could only be achieved by virtue of your words and deeds. As regards empathy, a leader must consider that humility is contrary to magnanimity and it must be exercised with a focus on long-term considerations with magnanimity, rather than short-term initiatives associated with mere humility. To ensure successful administration, it is crucial to lead subordinates prudently, devoid of any form of discrimination. The assignment of the right person at the right place must be executed with an understanding of individual attitudes, capabilities, strengths, and weaknesses.

Regardless of the varied responsibilities shouldered, as every single military personnel can engage in battle and fulfil the mantle of national defence, comrades are required to epitomise the virtues intrinsic to a genuine soldier.

Beyond a mere grasp of military awareness and consciousness, true mastery requires adeptness in the imparted military science. Embracing the motto **"Study, Practice, Comply"** is pivotal for effectively applying learned military tactics in real-world scenarios. I would like to urge that the imperative

See Page 13

From Page 12

study of state-of-the-art military equipment and leapfrogging technology, rigorous training for optimal fitness and efficiency, and strict adherence to military doctrines and principles, are paramount in ensuring readiness and competence in modern warfare.

Aspiring to embody the epitome of a commendable soldier, as discipline is the soul and backbone of the Tatmadaw, comrades must be obedient and disciplined. In fulfulling the responsibilities for national security and defence, obedience and steadfast discipline are imperative traits to be upheld. Being well-disciplined is synonymous with being obedient. The imposition of discipline in our Tatmadaw aims to be systematic and well-organised. Furthermore, as individuals vow to sacrifice their lives for each other on the battlefield, disciplinary imposition is to dutifully perform assigned tasks in an obedient manner and avoid unnecessary fatalities. Hence, comrades are to grasp the profound rationale underlying the stringent imposition of discipline and personal growth thrives amidst the cultivation of a steadfast and well-disciplined approach.

Furthermore, as comrades stand not only as military personnel but also as citizens, adherence to national laws and orders, including rules and regulations issued by the Tatmadaw, becomes paramount. Alongside personal compliance, individuals bear the responsibility of supervising their subordinates' adherence to these mandates. I would like to emphasise that comrades must be **loyal to the last not only to themselves and their duties but also to the Nation and the Tatmadaw whilst executing assigned duties. In this regard, upholding high morale and perception stands as a collective responsibility, impacting not just the individual but also resonating profoundly for the Nation and the Tatmadaw.**

The primary duty of the Tatmadaw is to fulfil the imperative role of national defence. Comrades, as military personnel, must fully embrace the Three Capabilities such as **"Military Capability, Organisational Capability, and Administrative Capability"** to effectively safeguard the Nation. Augmenting military capability hinges on the relentless pursuit of knowledge in military science. Likewise, elevating administrative capability entails methodical oversight and rigid adherence to hierarchical directives. Within the realm of administration, comrades must adeptly switch between active participation and astute guidance, mastering both approaches. **The Three Capabilities intertwine intricately and bolstering administrative capability fuels the morale of military personnel. Consequently, a fortified administrative capability elevates military capability and augments organisational capability.**

**The Nation's strength lies within and the strength of the Tatmadaw must be built in its cohesive forces. As our Tatmadaw, comprised of individuals from diverse regions and ethnicities, shoulders the national duty, cultivating a familial sense of unity becomes imperative. Unified strength magnifies the great magnitude, rendering the institution formidable**. Overcoming adversities becomes feasible when military personnel, families, and the entire people unite. Thus, comrades ought to prioritise not solely the intra-unit organisational measures but also the public organisational measures, aligning to harness the collective strength of the entire people.

Embracing the intricacies of the organising process, comrades must recognise its enduring nature, devoid of swift accomplishment in a solitary moment. This intricate process delineates into two realms: the practical and the elusive. Given its dependence on behaviour and the need for a delicate approach, its success hinges upon a steadfast commitment to the meticulous roadmap orchestrated by the Tatmadaw Organising Committee.

Amidst the intra-unit organising endeavours, comrades have to take into consideration that internal cohesion ascends magnificently when all military personnel meticulously uphold the prescribed codes of conduct. **Tatmadaw inherently fosters a strong Nation. Therefore, I would like to put an emphasis on the crucial need to cultivate internal unity, safeguard the Nation's sovereignty, and preserve the lasting integrity of its territories**.

During the public organising endeavours, I would like to urge comrades to embrace the ethos of **"Mother Figure People, Father Figure People"**, actively entailing in regional development, swiftly engaging in relief initiatives during natural calamities, irrespective of minority, ethnicity, or religious backgrounds in the areas of service and wholeheartedly participating in public rendering services encompassing education, healthcare, and humanitarian aid.

**The warfare of the 21st century unfolds in asymmetric, multi-dimensional forms of attack, emerging from diverse sides and sectors. Comrades must anticipate the metamorphosis of warfare and the fluidity of military strategies due to the state-of-the-art weaponry and ordnance. It is incumbent upon comrades to adeptly comprehend modern command and control system, meticulously observing and assimilating evolving military doctrines that align with technological leaps**. Reflective of the prevailing circumstances, comrades who are going to serve as young leaders must persistently pursue knowledge, delving into not only military affairs but also the dynamic realm of contemporary international affairs.

Every country worldwide shapes the Union system based on its historical background, traditional culture, customs, and resident ethnic groups. Drawing from our country's historical experiences, two political visions corresponding to the Nation and its people: **"To cement a disciplined, genuine multiparty democratic system and build a Union based on the democratic and federal system"** will be implemented to ensure success.

**A Nation functions through its national, economic, and defence driving forces, with the economic force being the primary pivot amongst them. Bolstering the economic force holds great importance, as the vitality of the other two forces hinges on its strength**. Hence, **"Prosperity of the Nation and food self-sufficiency"** is implemented as two national visions in our government's administration.

The State Administration Council has arisen as the constitutional government, seeking to deter the previous NLD government's wrong forcible means to seize State power through instance of voting irregularities. Consequently, the government is actively committed to organising a free and fair multi-party democratic general election, prioritising it as a paramount goal. In the pursuit of ensuring absolute nationwide voting rights without any space left, safeguarding the electoral privileges of all eligible citizens, and orchestrating a methodical election, the government actively endeavours across diverse sectors. As the foundational steps for a successful election are underway, I would like to impart that our collective goal swiftly materialises through the active involvement of every single individual.

All must strive to endeavour to evolve into exemplary leaders, embodying the Three Capabilities of high morale, disciplined conduct, and steadfast obedience; strive to evolve into proficient, well-trained soldiers, attentive to their food and shelter to sustain optimal health; persist in ongoing learning across diverse subjects, comprising cutting-edge military technologies, and conscientiously apply and adhere to the acquired knowledge; fulfil designated duties as a responsible citizen and a devoted soldier, contributing to the establishment of a Union based on the democratic and federal system; and aspire to be the triumphant elite of the future, devoted to embracing Our Three Main National Causes, as national duty, and demonstrating steadfast loyalty to our motherland and the Tatmadaw.

After taking salute from the cadet companies, the Senior General left the parade ceremony.

After the parade ceremony, the Senior General met with five cadets who won outstanding awards at the parlour of the headquarters of the DSA and spoke words of honour.

In his praise of the outstanding cadets, the Senior General said that they won the outstanding awards as they had tried very hard for the past four years in their educational and military lessons and good discipline. Their efforts are acknowledged. **They must maintain their good basic habits of exercising self-control and having good discipline and continue to try hard for the rest of their life.**

They must continue their studies on academic and technological knowledge to become brilliant persons on whom the country can rely.

They must pursue the life of a good soldier and acquire valuable experience from seniors who are shouldering the national and military duties. **They must continue to strive to be dutiful and loyal towards their organizations and the State.** They must pay back the debt of gratitude they owe to their parents who had nurtured them to become outstanding. They must never forget the gratitude they owe to Tatmadaw and DSA which had trained them to become junior military leaders during the four-year period.

They should listen to their parents, ensure a happy life for them, provide all basic needs to the most possible degree as it amounts to paying back their gratitude they owe to them. Likewise, having self-control and pursuing the life of a good soldier also amount to uplifting reputation of the country and Tatmadaw. In shouldering duties as junior leaders, they continuously improve their life with never exhausting perseverance, unyielding spirit, honesty and loyalty. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects National Kandawgyi Gardens in PyinOoLwin


Senior General Min Aung Hlaing visits National Kandawgyi Botanical Gardens.

**Nay Pyi Taw December 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this morning accompanied by Council Joint Secretary Lt-Gen Ye Win Oo, Council member Lt-Gen Nyo Saw, Union ministers, the chief minister of Mandalay Region, senior military officers from the Office of the Commander-in-Chief, the commander of Central Command, the Mandalay major and officials, inspected preservation of National Kandawgyi Gardens in PyinOoLwin.

At the briefing hall of the garden, Director General Dr Thaung Naing Oo of the Forest Department reported on location and history of the garden, accomplishment of the guidance given by the Head of State on his inspection, inflow of water into Kandawgyi Lake, construction of the gravel-filled drains, beautification of the lake, cultivation of grass, orchid, PyinOoLwin cherry and Japan cherry, and releasing of pet fish into the lake, CEO U Yazar Htwe of Kandawgyi Garden Co on preparations to hold the 16th flower festival, display of domestic and foreign species flowers in eight zones, plans to stage entertainment programmes and Chief Minister U Myo Aung on improvement of urbanization, arrangements for shaping a tourism city and beautification of the city.

After hearing the reports, the Senior General stressed the need for departmental officials and the company to regularly inspect inflow of water into the Lake as usual. The Senior General noted that it is necessary to keep records for thriving of perennial trees. The Senior General urged officials to supervise cleaning up of the garden and systematic disposing. Relevant research teams have to conserve domestic flowery species and improve colours and fragrances. As Myanmar does not have conservation of domestic flowery species, some species deplete. Hence, some flower species from PyinOoLwin region must be cultivated in weather favourable regions on test. As the garden is a landmark of PyinOoLwin, it is necessary to strive for long-term existence and visits of travellers.

The Senior General continued that as PyinOoLwin is a flower city, it is necessary to shape the city the travellers can enjoy beautification and pleasant, disciplined measures and good environment. All have to cooperate with each other in systematic residing measures and tidiness. The Senior General stressed the need to shape PyinOoLwin as a smart city for emergence of other towns and villages of Mandalay Region as pleasant environs under disciplines. They have to build their regions and future to become good environments for residences under systematic management. At present, as the world faces global warming, PyinOoLwin possessing good resources needs to establish green zones of trees and grow perennial trees and shade trees so as to continue conservation of favourable weather.

The Senior General and party viewed round the garden and inspected the butterfly museum, orchid park, research cultivation of domestic flower species at the research centre and test plots, and production of natural fertilizers and gave necessary instructions over discussions of officials. The Senior General then fed pet fish in the lake and cordially greeted the people taking relaxation.

The garden is a landmark not only for PyinOoLwin but for the State. In 2019-2020, as flow of water into the lake declined, the Senior General gave guidance on his inspection tours in September and December 2021 to carry out necessary renovation and maintain waterway. At present, water flows into the lake through inlet channels and the lake can store the excessive volume of water than the brim. It can be seen that the guidance is being implemented for maintaining the famous position of the lake, beautification of the lake and long term existence as a modern garden for local and foreign travellers. The 16th flower festival of the lake will be held on a grand scale, and plans are underway to continue conservation of water sources, beautification with trees and flowery plants and environmental conservation.

100




Senior General Min Aung Hlaing inspects conservation of National Kandawgyi Botanical Gardens.

# Graduation dinner of 65th intake of Defence Services Academy held


Senior General Min Aung Hlaing cordially converses with graduate officers.

**Nay Pyi Taw December 8**

The graduation dinner of the 65th Intake of Defence Services Academy took place at the cadet mess hall of Anawrahta Battalion at Defence Services Academy in PyinOoLwin this evening, attended by State Administration Council Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present at the graduation dinner were Daw Kyu Kyu Hla, wife of the Senior General, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, Union ministers, the Mandalay Region chief minister and wife, the Central Command commander, the commandant of DSA, officials from PyinOoLwin station, officers and faculty members from the Academic and Training Departments who are guardians of the cadets and guests.

First, the Senior General cordially greeted graduate officers one by one.

Then, the Senior General and party had dinner together with graduate officers and attendees.

Before and during the dinner the Myawady Band under the Directorate of Public Relations and Psychological Warfare played music. The Senior General and party enjoyed the entertainment program.

100

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing, wife Daw Kyu Kyu Hla visit hospitalized Tatmadaw members who were injured while performing national defence and security duties


Senior General Min Aung Hlaing examines medical equipment.

**Nay Pyi Taw December 8**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, together with his wife Daw Kyu Kyu Hla, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers and their wives, visited the local defence services hospital in PyinOoLwin this afternoon, and comforted the hospitalized officers, other ranks and Myanmar Police Forces members who were injured while performing national defense and security duties.

In his words of encouragement, the Senior General met and spoke individually to the officers and other ranks who were injured while performing national defense and security duties about their injuries and conditions. He then fulfilled the needs after hearing reports from them.

Next, the Senior General, wife and party presented honorary cash awards and gifts to the military personnel receiving treatment.

Then, the Senior General, wife and party went to the radiation and cancer treatment center, and inspected the installation and use of the radiation treatment machine and the machine that precisely maps the diseased areas with a CT machine. They were conducted round by the director of the Directorate of Medical Services and officials.

After that, the Senior General, wife and party presented foodstuffs to the officers and other ranks and their families receiving treatment at the cancer treatment ward.

Daw Kyu Kyu Hla also visited the Tatmadaw families receiving treatment at the maternity and children's ward, encouraged them individually and presented gifts to them.

100


Senior General Min Aung Hlaing and Daw Kyu Kyu Hla present gift to a patient.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at Second Coordination Meeting of Central Committee for Organizing 76th Anniversary of Independence Day (2024)


Vice-Senior General Soe Win delivers address at the meeting.

**Nay Pyi Taw December 8**

The second coordination meeting of the Central Committee for Organizing the 76th Anniversary of Independence Day (2024) was held at the Office of Chairman of State Administration Council today at 2:30 pm in Nay Pyi Taw, and Chairman of the Central Committee for Organizing the 76th Anniversary of Independence Day Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered a speech at the meeting.

Also present at the meeting were the union ministers who are members of the Central Committee, the Chairman of Nay Pyi Taw Council, the Commander of Nay Pyi Taw Command, deputy ministers, senior military officers of the Office of the Commander-in-Chief (Army) and officials. Secretaries of sub-committees attended it via video conferencing.

In his speech at the meeting, the Vice Chairman of State Administration Council Deputy Prime Minister said that today's meeting is the second meeting on organizing the ceremony to celebrate the 76th Anniversary of Independence Day. The first meeting was held on October 10, and the sub-committees concerned presented reports on tasks being taken and the need on their reports were fulfilled. Regarding the ceremony to celebrate the 76th Anniversary of Independence Day, approval on the schedules on invitation, erecting poster signs, flag raising ceremony, reading the message, and invitation to the dinner has been obtained from the Prime Minister.

It is necessary to discuss matters on holding a sports competition to commemorate the Independence Day and holding a youth literary and arts festival. Since there are only 27 days to go for holding the ceremony, it is necessary to make preparations in detail without having any gaps. Regarding security, in addition to the original plan, it is necessary to closely supervise and scrutinize measures on individual security, security of the area and security of the whole ceremony in detail. The sub-committees are to submit and discuss the sector-wise measures taken and the needs to be fulfilled.

Then, the respective sub-committees reported on their sector-wise tasks to be able to successfully hold the ceremony to celebrate the 76th Anniversary of the Independence Day 2024.

Afterwards, the Vice-Senior General made coordination on their reports and discussions and gave concluding remarks. 100





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

**ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်ရာတွင် မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိအလုပ် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန် မိမိကိုယ်တိုင်သာမက နိုင်ငံတော်နှင့် တပ်မတော်အပေါ် ယုံကြည်ချက်၊ ခံယူချက် မြင့်မားစွာထားရှိရန်လို**ကြောင်း အထူးအလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် **"စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်"** ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်ဝနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ စစ်ရေးစွမ်းရည်ထက်မြက်စေရန်အတွက် စစ်အတတ်ပညာများကို အမြဲတမ်းလေ့လာလိုက်နာနေရန်လိုသကဲ့သို့ အုပ်ချုပ်ရေးစွမ်းရည်ထက်မြက်နေစေရန်အတွက် အမိန့်နှင့်ညွှန်ကြားချက်များကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် စနစ်တကျစီမံကွပ်ကဲခြင်း၊ ဆင့်ကဲကွပ်ကဲကြပ်မတ်ခြင်းတို့ ဆောင်ရွက်သွားရမည်၊ အုပ်ချုပ်ရေးတွင် ကိုယ်တိုင်လိုက်နာဆောင်ရွက်ရသကဲ့သို့ စီမံဆောင်ရွက်ပေးရခြင်းရှိပြီး နှစ်ပိုင်းလုံးကို လိုက်နာကျင့်ကြံအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ **စွမ်းရည်သုံးရပ်သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည်ကောင်းမွန်သည်နှင့်အမျှ စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်လာမည်ဖြစ်ပြီး စစ်ရေးစွမ်းရည်တိုးတက်မှုကို ရှိစေမည်ဖြစ်သကဲ့သို့ စည်းရုံးရေးစွမ်းရည်ကို ကောင်းမွန်လာစေမည်ပင်ဖြစ်**ကြောင်း။

**တိုင်းပြည်၏ အားသည် ပြည်တွင်း၌သာရှိပြီး တပ်မတော်၏ အားကို တပ်မတော်အတွင်း တည်ဆောက်ရမည်ဖြစ်**ကြောင်း၊ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည်ထုကိုရရှိစေပြီး ခိုင်မာမှုကိုပိုမိုရရှိစေ**ကြောင်း၊ **တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများအားလုံး စုပေါင်းအားနှင့်ရှိနေပါက မည်သည့်အရာကိုမဆို ရင်ဆိုင်အောင်မြင်နိုင်မည်ဖြစ်**သည့်အတွက် တပ်တွင်းစည်းရုံးရေးသာမက ပြည်သူအားလုံး၏ စုပေါင်းအားကိုရရှိစေရန်အတွက် တပ်ပြင်စည်းရုံးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

စည်းရုံးရေးဆိုသည်မှာ အချိန်နှင့်အမျှ လုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အရေးပေါ်မှ ထပြီးလုပ်ဆောင်၍ရသည့် လုပ်ငန်းမျိုးမဟုတ်သည့်အတွက် တစ်ကြိမ်တစ်ခါကောင်းဆောင်ရွက်ရုံဖြင့် မရနိုင်သည်ကိုလည်း သိရှိထားရမည်ဖြစ်ကြောင်း၊ စည်းရုံးရေးတွင် လက်တွေ့မပါသည့်စည်းရုံးရေးနှင့် လက်တွေ့ပါသည့် စည်းရုံးရေးဟူ၍ရှိပြီး ပြုမူဆောင်ရွက်မှု Behaviour အပေါ်တွင်မူတည်ခြင်းဖြစ်သဖြင့် ညင်သာသိမ်မွေ့စွာ ဆောင်ရွက်ရန်လိုသည့်အတွက် တပ်မတော်စည်းရုံးရေးကော်မတီက ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ စဉ်ဆက်မပြတ် ပီပီပြင်ပြင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

တပ်တွင်း စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင်လည်း တပ်မတော်သားတိုင်းလိုက်နာရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျလိုက်နာကျင့်ကြံသွားကြမှသာ တပ်တွင်းစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာမည်ကို သိရှိနားလည်ရန်လိုကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာ တည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလို**ကြောင်း။

တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင်လည်း **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"** ဟုသဘောထားပြီး မိမိတာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရပါက လူနည်းစု၊ တိုင်းရင်းသား၊ ဘာသာခွဲခြားမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများ အပါအဝင် ပြည်သူအကျိုးပြု လုပ်ငန်းမှန်သမျှကို ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

**၂၁ ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ်အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်းဖြစ်**ကြောင်း၊ **တိုးတက်လာသည့် ခေတ်မီစစ်လက်နက်ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မြော်တွေးကြရမည်ဖြစ်**ကြောင်း၊ **ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှုစနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်**ကြောင်း၊ ခေတ်ကာလအခြေအနေအရ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်သူများ အနေဖြင့် စစ်ရေးဆိုင်ရာကိစ္စရပ်များအပြင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတကာရေးရာကိစ္စရပ်များကိုပါ စဉ်ဆက်မပြတ်လေ့လာနေရန်လိုအပ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးသည် ၎င်းတို့နိုင်ငံများ၏ ဖြစ်တည်လာမှုသမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ စသည်တို့အပေါ်အခြေခံပြီး ပြည်ထောင်စုစနစ်ကို ပုံဖော်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ကိုက်ညီသည့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ဖြစ်သော **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်**ကြောင်း၊ **စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်**သောကြောင့် မိမိတို့အစိုးရလက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ကို အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ယခင် NLD အစိုးရ၏ရွေးကောက်ပွဲမဲမသမာမှုမှတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာသည့်နည်းလမ်းနှင့် အဓမ္မရယူရန် ကြိုးပမ်းသည်ကို ကာကွယ်တားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့်အစိုးရဖြစ်သောကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်အဖြစ်ထားရှိပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အားလုံးပူးပေါင်းပါဝင်ကြမှသာ မိမိတို့သွားချင်သည့်ပန်းတိုင်ကို ဆောလျင်စွာ ရောက်ရှိမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

ကိုယ်ကျင့်တရားနှင့် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုအပြည့်ဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်၊ ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက် နေထိုင်စားသောက်မှုကိုဂရုပြုပြီး လေ့ကျင့်သားပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးစားကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လျက်ရှိသည့် စစ်ဘက်ဆိုင်ရာ နည်းပညာများအပါအဝင် အခြားပညာရပ်များမှာလည်း စဉ်ဆက်မပြတ် လေ့လာသင်ယူမှု၊ လေ့ကျင့်မှုနှင့် လိုက်နာမှုများကို ဆက်လက်လုပ်ဆောင်သွားကြရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ကျရာတာဝန်များကို နိုင်ငံသားကောင်း၊ တပ်မတော်သားကောင်းတစ်ဦးပီသစွာ ပါဝင်ဆောင်ရွက်သွားကြရန်၊ **အမိနိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး အမျိုးသားရေးတာဝန်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ကြမည့် နောင်တစ်ခေတ်၏ အောင်စစ်သည်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေပညာ၊ စစ်ပညာတို့တွင် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ **ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း ယခုသင်တန်းမှရရှိခဲ့သည့် မိမိဘဝတိုးတက်မှုရှိစေရေး ကြိုးစားအားထုတ်နိုင်မှု၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်မှု၊ စည်းကမ်းကောင်းမွန်မှု စသည့် အခြေခံအလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစား အားထုတ်သွားကြရမည်ဖြစ်**ကြောင်း၊ အသိပညာ၊ အတတ်ပညာများကို ဆက်လက်ဆည်းပူးလေ့လာပြီး လုပ်ငန်းခွင်တွင် ထူးချွန်သူများဖြစ်အောင်၊ တိုင်းပြည်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

တာဝန် ထမ်းဆောင်ရာတွင်လည်း စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို ထမ်းဆောင်လျက်ရှိကြသည့် နောင်တော်ကျောင်းဆင်းအရာရှိများ၊ စစ်သည်များထံမှလည်းကောင်းမွန်သည့် အတွေ့အကြုံကောင်းများကို လက်ဆင့်ကမ်းသင်ယူကြရန်လိုကြောင်း၊ **မိမိကိုယ်ကို မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်** လိုကြောင်း။

ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရေး ငယ်စဉ်ကတည်းကကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ကျေးဇူးကိုသိတတ်ရန်နှင့် ကျေးဇူးဆပ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန်လိုကြောင်း၊ **မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကိုစိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်**ကြောင်း၊ **လူငယ်ခေါင်းဆောင်များအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ပိုင်ဆိုင်ထားပြီးဖြစ်သည့် မဆုတ်မနစ်သောဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်တတ်သည့် စိတ်ဓာတ်နှင့် ရိုးသားသစ္စာရှိမှုတို့ကို ပေါင်းစပ်၍ မိမိတို့ဘဝတိုးတက်မှုရှိစေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက ရှင်းလင်းတင်ပြစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးမြို့တော်ဝန် နှင့်တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အမျိုးသား ကန်တော်ကြီးဥယျာဉ် တည်နေရာနှင့် သမိုင်း ကြောင်းများ၊ နိုင်ငံတော်အကြီးအကဲက လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များ အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ကန်တော်ကြီးအတွင်းသို့ ရေဝင်ရောက်မှု အခြေအနေများ၊ ကျောက်စီရေမြောင်းများ ဆောက်လုပ်ထားရှိမှုနှင့် ကန်တော်ကြီး ပတ်ဝန်းကျင်သာယာလှပသန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ ဘဲစားမြက်များ စိုက်ပျိုးထားရှိမှုများ၊ သစ်ခွပန်းပင်များ၊ ပြင်ဦးလွင်ချယ်ရီနှင့် ဂျပန်ချယ်ရီများ စိုက်ပျိုး ထားရှိမှု၊ ကန်တော်ကြီးအတွင်း အလှမွေးငါး များ စိုက်ထည့်မွေးမြူထားရှိမှုများကိုလည်း ကောင်း၊ ကန်တော်ကြီးဥယျာဉ်တာဝန်ခံ ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာ ထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၆)ကြိမ်မြောက် ပန်းပွဲတော်ကို စည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပန်းပွဲတော်တွင် ပြည်တွင်းပန်းမျိုးများနှင့် ပြည်ပမျိုးများကို ဇုန် ရှစ်ဇုန်ခွဲ၍ ပြသသွား မည့်အခြေအနေများ၊ ဖျော်ဖြေရေးအစီအစဉ် များ ထည့်သွင်းကျင်းပသွားမည့်အခြေအနေ များကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ထားရှိမှု၊ ခရီးသွားမြို့တော်ဖြစ်စေရေး ကဏ္ဍ အလိုက်ဆောင်ရွက်ထားရှိမှု၊ မြို့သန့်ရှင်း သာယာလှပရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

> **အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ (Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို. . .**

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုများ ပုံမှန်အတိုင်းဖြစ်စေရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တာဝန်ခံ ကုမ္ပဏီအနေဖြင့် ပုံမှန်စစ်ဆေးဆောင်ရွက် နေရန်လိုကြောင်း၊ နှစ်ရှည်ပင်များရှင်သန် ဖြစ်ထွန်းမှုကို မှတ်တမ်းများထားရှိရန်လို ကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်း ခရီးသွားများလည်ပတ်ရာ၌ သက်သောင့်သက်သာဖြင့် လည်ပတ်နိုင်ရေး အတွက် အောက်ခြေရှင်းလင်းစေရေး ချုံနွယ် ပေါင်းမြက်များရှင်းလင်းထားရှိရန်နှင့် အမှိုက် သရိုက်များ စနစ်တကျစွန့်ပစ်စေရေး အမြဲ မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ **ဒေသ ပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင် အသွေး၊ အနံ့ကောင်းမွှန်ပြီး အရည်အသွေး တိုးတက်အောင် သက်ဆိုင်ရာသုတေသန အဖွဲ့များက ဆောင်ရွက်သွားရန်လို**ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒေသပန်းမျိုးများကို ထိန်းသိမ်းမှုမရှိသဖြင့် အချို့ပန်းမျိုးများ မျိုးသုဉ်းသွားခြင်းများရှိကြောင်း၊ ပြင်ဦးလွင် ဒေသမှ ပန်းမျိုးများကို ရာသီဥတုတူညီမှုရှိ သည့်ဒေသများ၌လည်း စမ်းသပ်စိုက်ပျိုးသွား ရန်လိုကြောင်း၊ **အမျိုးသားကန်တော်ကြီး ဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ် နေရာ (Land Mark) တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများ အမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လို**ကြောင်း။

ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ပြီး ဒေသသို့ လာရောက်ကြသူများအနေဖြင့် မြို့၏သာယာလှပမှု၊ စည်းကမ်းစနစ်တကျ ရှိမှု၊ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်း ကို ဖော်ဆောင်ထားနိုင်မှုများကို အတုယူ အားကျသွားစေသည်အထိ ဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံ များ၏ တစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လမ်း များအလိုက်၊ ရပ်ကွက်အလိုက် စည်းကမ်း စနစ်တကျနှင့် နေထိုင်မှုစနစ် သပ်ရပ် သန့်ရှင်းနေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ကြရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ သာယာ လှပမှု၊ စည်းကမ်းစနစ်တကျဖြစ်မှုတို့ကို အားကျအတုယူ၍ မန္တလေးတိုင်းဒေသကြီး အတွင်းမှ မြို့ရွာများ၊ ၎င်းမှ တစ်နိုင်ငံလုံး အတိုင်းအတာအထိ စည်းကမ်းစနစ်တကျ နှင့် သာယာလှပသည့်ပတ်ဝန်းကျင်ကောင်း များဖြစ်ပေါ်လာစေရေး ပြင်ဦးလွင်မြို့ကို စံပြဖြစ်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စနစ်ကျနသည့်စီမံခန့်ခွဲမှုနှင့် ဒေသတွင်း နေထိုင်ကြသူများ၏ စည်းကမ်းစနစ်တကျရှိမှု တို့ဖြင့် ပတ်ဝန်းကျင်ကောင်းကို မိမိတို့ဒေသ နှင့် အနာဂတ်အတွက် ပုံဖော်တည်ဆောက် ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန် တွင် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ရင်ဆိုင် နေကြရသည်ဖြစ်သဖြင့် မူလရှိရင်းစွဲအရင်း အမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည့် ပြင်ဦးလွင်မြို့၌လည်း သစ်ပင်သစ်တော များကို Green Zone များဖော်ဆောင်၍ ထိန်းသိမ်းခြင်း၊ နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ် သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျ ဆက်လက်စိုက်ပျိုး ထိန်းသိမ်းခြင်းများ ဖြင့် ရာသီဥတုကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ဖြင့် မှာကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လိပ်ပြာပြတိုက်တွင် ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ လိပ်ပြာပြတိုက်၊ သစ်ခွ ဥယျာဉ်တို့၌ ပြသထားရှိမှုများ၊ ဒေသပန်းမျိုး များ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်း အတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထား ရှိမှုများ၊ တီကျစ်မြေသြဇာထုတ်လုပ်ထားရှိ မှုအခြေအနေများကို စစ်ဆေးပြီး တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် လိုအပ်သည် များဆွေးနွေးမှာကြားသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးတွင် ထည့်သွင်းမွေးမြူထား သည့် အလှမွေးငါးများကို အစာကျွေးခဲ့ ကြပြီး လာရောက်အပန်းဖြေအနားယူ နေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့အတွက်သာမက နိုင်ငံတော် အတွက်လည်း အထိမ်းအမှတ်နေရာ(Land Mark) တစ်ခုဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ် များတွင် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ကန်များအတွင်းသို့ ရေဝင်ရောက်မှုများ နည်းပါးလာသည့်အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလ နှင့် ဒီဇင်ဘာလတို့အတွင်း လာရောက် သည့် ခရီးစဉ်များတွင် လမ်းညွှန်မှုများဖြင့် လိုအပ်သည့်မွမ်းမံပြင်ဆင်မှုများပြုလုပ်ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းမှုများဆောင်ရွက် ခဲ့ခြင်းကြောင့် ယခုအခါ ကန်တော်ကြီးအတွင်း သို့ ရေဝင်ပေါက်များမှ ရေများ ပြန်လည် စီးဝင်လျက်ရှိပြီး **စာမျက်နှာ ၂၀ သို့**

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် စစ်တက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သစ်ခွဥယျာဉ်၌ ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တီကျစ်မြေဩဇာထုတ်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

သတ်မှတ်ရေပြည့် ပမာဏထက်ပင် ကျော်လွန်သည်အထိ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် မူလရှိရင်းစွဲ နာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ ဥယျာဉ်အတွင်းသန့်ရှင်းသာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့ကိုလည်း လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ် ပုံဖော်ထားရှိသည်ကို တွေ့မြင်ရကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၆)ကြိမ်မြောက် ပန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကန်တော်ကြီးအတွင်း ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သစ်ပင်ပန်းမန်များဖြင့် သာယာလှပရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဓာတ်ရောင်ခြည်ကုသစက်နှင့် CT စက်ဖြင့် ရောဂါရှိသည့်နေရာများအား တိကျစွာပုံဖော်သည့်စက်တို့တပ်ဆင်သုံးစွဲထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောမုံးမှအဆက်**

အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဓာတ်ရောင်ခြည်ကုသစက်နှင့် CTစက်ဖြင့် ရောဂါရှိသည့်နေရာများကို တိကျစွာပုံဖော်သည့်စက်တို့ တပ်ဆင်သုံးစွဲထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးရာ ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကင်ဆာရောဂါကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် တပ်မတော်သား မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသလျက်ရှိသည့်တပ်မတော်သားမိသားစုဝင်များကို တစ်ဦးချင်းရင်းနှီးနွေးထွေးစွာဖြင့် လိုက်လံအားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဓာတ်ရောင်ခြည်ကုသစက်နှင့် CTစက်ဖြင့် ရောဂါရှိသည့်နေရာများအား တိကျစွာပုံဖော်သည့်စက်တို့ တပ်ဆင်သုံးစွဲထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၄ခုနှစ် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဆပ်ကော်မတီများမှ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးဖြစ်ကြောင်း၊ ပထမအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်တွင်ကျင်းပခဲ့ပြီး သက်ဆိုင်ရာဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခဲ့ကြပြီး လိုအပ်ချက်များကိုလည်း ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အခမ်းအနားကျင်းပရေးနှင့် စပ်လျဉ်း၍ ဖိတ်ကြားရေးပိုစတာဆိုင်းဘုတ်စိုက်ထူရေး၊ အလံတင်အခမ်းအနားကျင်းပရေး၊ သဝဏ်လွှာဖတ်ကြားခြင်း၊ ညစာစားပွဲအတွက်ဖိတ်ကြားခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့်အခမ်းအနားကျင်းပမည့်အစီအစဉ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏အတည်ပြုချက်ကို ရယူပြီးဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပရေးနှင့် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြအတည်ပြုရန်လိုကြောင်း၊ အခမ်းအနားကျင်းပရန် ၂၇ ရက်သာလိုအပ်သည့်အတွက် လစ်ဟာမှုမရှိအောင် အသေးစိတ်ပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း၊လုံခြုံရေးနှင့်စပ်လျဉ်းပြီး မူလစီမံချက်အပြင် လူတစ်ဦးချင်းလုံခြုံရေး၊ နယ်မြေလုံခြုံရေးနှင့်အခမ်းအနားတစ်ခုလုံး လုံခြုံရေးကိစ္စရပ်များကို အသေးစိတ်စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊(၇၆)နှစ်မြောက် လွတ်လပ်ရေးအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဖြည့်ဆည်းပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အလံတင်နှင့်နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးကော်မတီတို့က ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၂၄ခုနှစ် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ် ရေကူးကန်၌ပြုလုပ်ရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုများ၊မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက်ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးမြတ်ထွဋ်နှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တပ်မတော်ဆေးရုံများ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဆေးကုသမှုခံယူနေသူ တစ်ဦးကို အာဟာရဖြည့်စာသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့်ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ပိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဒီဇင်ဘာ ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၈**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း (အင်းလျားကန်)၌ ပြုလုပ်ရာ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တက္ကသိုလ်များလှေလှော်အသင်းတို့မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဌာနချုပ်မှူးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြုအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဌာနချုပ်မှူးကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၂၃ မှအဆက်

အတွက်လည်း အကြိမ်ကြိမ်အလိမ်ခံရပေမယ့် သင်ခန်းစာယူပြီး အမှန်မမြင်နိုင်ကြသေးတာ ဝမ်းနည်းစရာပါပဲ။ ဒီလိုလုပ်ကြံ အမှောင့်အဆိပ်အတောက် သတင်းမှားတွေကို ခွဲခြားသိမြင်ဆင်ခြင်နိုင်ဖို့အတွက် နိုင်ငံတော်က ထုတ်ပြန်တဲ့ တရားဝင်သတင်းမှန်များကို ရွေးချယ်လက်ခံတတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

စက်သုံးဆီဆိုတာ နိုင်ငံတိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံ့ပြည်သူရဲ့ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးမှသည် နိုင်ငံရေး၊ စစ်ရေးအထိ စက်သုံးဆီက အရေးပါပါတယ်။ နိုင်ငံရဲ့ ယန္တရားကြီး ပုံမှန်လည်ပတ်နိုင်ဖို့ စက်သုံးဆီဟာ အရေးကြီးလိုအပ်ချက်ဖြစ်တဲ့အတွက် နိုင်ငံတော်အပိုင်းက သွင်းကုန်ပစ္စည်းများအနက် ဦးစားပေး(၁)အနေနဲ့ သတ်မှတ်ပြီး တင်သွင်းခွင့်ပြုနေတာ ပြည်သူအားလုံး သိနားလည်စေချင်ပါတယ်။

နိုင်ငံတော်အနေနဲ့ စက်သုံးဆီကို ပြည်သူတွေ သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲအောင် စနစ်တကျကြီးကြပ်စီမံဆောင်ရွက်ပေးခဲ့တာ စတင်တာဝန်ယူချိန်ကနေ ယနေ့အချိန်ထိပဲဖြစ်ပါတယ်။ အခုလည်း ထိန်းသိမ်းဆောင်ရွက်ပေးနေသလို နောင်လည်း အလေးထားဖြည့်ဆည်း ဆောင်ရွက်နေဦးမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စက်သုံးဆီဈေးနှုန်းဟာ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ရင် အသက်သာဆုံးဖြစ်တယ်ဆိုတာလည်း တာဝန်ရှိသူတွေက အကြိမ်ကြိမ်ရှင်းလင်းပြောကြားခဲ့လို့ အားလုံးသိပြီးဖြစ်ပါတယ်။ အစိုးရက တစ်နိုင်ငံလုံး သက်သက်သာသာနဲ့ လုံလုံလောက်လောက်သုံးနိုင်အောင် ရရှိတဲ့နိုင်ငံခြားငွေကြေးကနေ အတတ်နိုင်ဆုံး စိုက်ထုတ်ကျခံသုံးစွဲပြီး စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

နိုင်ငံတော်က တရားဝင်ထုတ်ပြန်ထားတဲ့ သတင်းများအရ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်ပေါင်း ၃၃၉၁ ဆိုင်ကို ဆီသယ်ယာဉ်(Bowser)များနဲ့ 92 Ron ၊ 95 Ron ၊ ဒီဇယ်ဆီ၊ ပရီမီယမ်ဒီဇယ်ဆီတွေကို မြန်ဆန်စွာပို့ဆောင်ဖြန့်ဖြူးနိုင်ခဲ့ပြီး ဆိပ်ကမ်းမှာရှိတဲ့ Terminal တွေကနေ ဆီတင်ယာဉ်များနဲ့ အဆက်မပြတ် ဖြည့်တင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ပြည်ပက ဆီတင်သင်္ဘော ၁၀ စင်းဟာ ပင်လယ်ဝမှာလည်းကောင်း၊ ဆီတင်သင်္ဘော သုံးစင်းဟာ သီလဝါဆိပ်ကမ်းဒေသမှာရှိတဲ့ Jetty တွေမှာလည်းကောင်း အသင့်စောင့်ဆိုင်းလျက်ရှိပြီး သက်ဆိုင်ရာ Terminal များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းလည်း မှတ်သားမိပါတယ်။

ဒါကြောင့် လက်ရှိအခြေအနေမှာ ပြည်သူများအနေနဲ့ ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်မှုနဲ့ ဈေးနှုန်းကြီးမြင့်လာမှာကို စိုးရိမ်ပူပန်မှုများကိုလျှော့ချပြီး ပုံမှန်အတိုင်းသာဝယ်ယူသုံးစွဲမှုပြုသင့်ကြပါတယ်။ ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာ ဝယ်ယူနေကြခြင်းဟာ နိုင်ငံ့စီးပွားတည်ငြိမ်မှုနှင့် နိုင်ငံခြားငွေကြေးဈေးနှုန်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်တာကို နားလည်သဘောပေါက်သင့်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ စက်သုံးဆီအရောင်းဆိုင်များရဲ့ ဖြည့်တင်းပေးနိုင်မှုစွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပါကြောင်းနဲ့ မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူစုဆောင်းရန် မလိုအပ်ပါကြောင်း လေးစားစွာအသိပေးလိုပါတယ်။

ပြန်ချုပ်ရရင်တော့ ပို့ကုန်တင်ပို့သူတွေ (Exporters)အတွက် ပို့ကုန်ရငွေကနေ ၃၅ ရာခိုင်နှုန်းသာ နိုင်ငံတော်ဗဟိုဘဏ်ဈေး သတ်မှတ်ချက်အတိုင်း လဲလှယ်ဆောင်ရွက်ရမှာဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း ဆောင်ရွက်နိုင်တော့မှာဖြစ်တာကြောင့် ပို့ကုန်များပိုမိုတင်ပို့နိုင်မယ့် အခွင့်အရေးကောင်းဖြစ်ပါကြောင်း၊ ပို့ကုန်ရငွေကို ပြန်လည်အသုံးပြုပြီး နိုင်ငံအတွက် အရေးကြီးလိုအပ်တဲ့ သွင်းကုန်များကို တင်သွင်းနိုင်ဖို့အတွက်လည်း နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးနဲ့ လွယ်လွယ်ကူကူ စီမံဆောင်ရွက်နိုင်ခွင့်ရှိမှာဖြစ်ပါကြောင်း၊ ဒီလိုတင်သွင်းနိုင်ခြင်းအားဖြင့် ဒီနေ့ရေးကြီးခွင့်ကျယ်လုပ်နေတဲ့ စက်သုံးဆီပြတ်လပ်မှုဆိုတဲ့ ကောလာဟလတွေဟာ နေလာနှင်းပျောက်ဆိုသလို အချိန်တိုအတွင်း လွင့်စဉ်ကွယ်ပျောက်ပြီး ပုံမှန်အခြေအနေကို ရောက်ရှိတော့မှာဖြစ်ပါကြောင်း နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးမျှော်ကိုးပြီး ကြေညာမောင်းခတ်လိုက်ရကြောင်းပါခင်ဗျာ။ ။

# ပို့ကုန်တင်ပို့သူများအတွက် အခွင့်ကောင်းနှင့်နေလာနင်းပျောက် စက်သုံးဆီကောလာဟလ

မောင်ချိန်ခွင်

**လက်ရှိအခြေအနေမှာပြည်သူများအနေနဲ့ ကောလာဟလသတင်းများကြောင့် စက်သုံးဆီပြတ်လပ်မှုနဲ့ဈေးနှုန်းကြီးမြင့်လာမှာကို စိုးရိမ်ပူပန်မှုများကိုလျှော့ချပြီး ပုံမှန်အတိုင်းသာ ဝယ်ယူသုံးစွဲမှုပြုသင့်ကြပါတယ်။ ပုံမှန်ပြည်တွင်းသုံးစွဲမှုပမာဏထက် ပိုမိုများပြားစွာဝယ်ယူနေကြခြင်းဟာ နိုင်ငံ့စီးပွားတည်ငြိမ်မှုနှင့်နိုင်ငံခြားငွေကြေးဈေးနှုန်းအပေါ် ဆိုးကျိုးသက်ရောက်နိုင်တာကို နားလည်သဘောပေါက်သင့်ပါတယ်။ ဒါကြောင့် ပြည်သူများအနေနဲ့ စက်သုံးဆီအရောင်းဆိုင်များရဲ့ဖြည့်တင်းပေးနိုင်မှုစွမ်းအားနှင့်အညီ ပုံမှန်သုံးစွဲမှုပမာဏအတိုင်း စဉ်ဆက်မပြတ် စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပါကြောင်းနဲ့ မိမိတို့လိုအပ်သည်ထက် ပိုမိုဝယ်ယူစုဆောင်းရန် မလိုအပ်ပါကြောင်း လေးစားစွာအသိပေးလိုပါတယ်။**

မြန်မာနိုင်ငံဟာ ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတ ပေါကြွယ်လှတဲ့ နိုင်ငံတစ်ခုအဖြစ် ကမ္ဘာက အသိအမှတ်ပြုရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံသားတိုင်းအတွက် မွေးဖွားလာကတည်းက မတောင်းဘဲရခဲ့တဲ့ မွေးရာပါ ဆုလာဘ်ကြီးလည်းဖြစ်ပါတယ်။ ဒီကံကောင်းခြင်းလက်ဆောင်ကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး ဒီနိုင်ငံကြီး တိုးတက်ဖွံ့ဖြိုးအောင် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်ကြဖို့ဟာ နိုင်ငံသားအားလုံးအတွက် မွေးရာပါတာဝန်ဖြစ်တယ်လို့လည်းဆိုနိုင်ပါတယ်။

နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်ကို အခြေခံပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါတယ်။ ဒီစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်တွေဟာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပကိုပင် ထုနဲ့ ထည်နဲ့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိမှုကို များစွာ အထောက်အကူပြုနိုင်ခဲ့ပါတယ်။ ဒီနေ့ကာလအထိလည်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဟာ မြန်မာနိုင်ငံ၏ အဓိကကုန်ထုတ်မှုကဏ္ဍအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ထဲမှာ နံပါတ်(၂)အချက်အနေနဲ့ **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"**ဆိုပြီး သန္နိဋ္ဌာန်ချဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားများကို မျှော်ကိုးပြီး **"မိမိတို့နိုင်ငံ၏ ဘဏ်များ၌ ငွေကြေးပိုင်ဆိုင်မှု စာရင်းများအရ ပုဂ္ဂလိက ပိုင်ဆိုင်မှုများပြားကြောင်း၊ ၎င်းပိုင်ဆိုင်မှုများကို နိုင်ငံနှင့်ပြည်သူလူထုအတွက် အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးများစွာရှိကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံနိုင်ရေးအားပေးခြင်း၊ အခွင့်အလမ်း ရှာဖွေခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုကြောင်း"** မကြာသေးမီက အစည်းအဝေးတစ်ခုမှာ တိုက်တွန်းမှာကြားခဲ့တာကိုလည်း သတိပြုမိပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းတည်ဆောက်ရာမှာ နိုင်ငံခြားငွေကြေး တောင့်တင်းခိုင်မာမှုကလည်း အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံအစိုးရတိုင်းဟာ နိုင်ငံခြားငွေကြေး တောင့်တင်းခိုင်မာဖို့ကို အလေးအနက်ထားပြီး ကြိုးပမ်းဖော်ဆောင်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်တာဝန်ယူချိန်ကစပြီး ဆန့်ကျင်ဘက်နိုင်ငံအုပ်စုက နိုင်ငံရေးကိုအကြောင်းပြကာ နိုင်ငံတကာချေးငွေနဲ့ ထောက်ပံ့ငွေအားလုံး ရပ်ဆိုင်းခဲ့တာ၊ နိုင်ငံခြားငွေနဲ့ ပတ်သက်ပြီး အခက်အခဲတွေဖြစ်ပေါ်အောင်၊ ဘဏ်စနစ်ထိခိုက်အောင် အဘက်ဘက်ကပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန် (Export) တိုးမြှင့်နိုင်အောင်၊ အဲဒီလို ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာအောင် အစဉ်တစိုက် တွန်းအားပေး ကြိုးပမ်းဆောင်ရွက်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နည်းလမ်းတစ်ရပ်အနေနဲ့ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုများဆောင်ရွက်ရာမှာ တိုက်ရိုက်ငွေပေးချေတဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ရာမှာ အကျိုးဖြစ်ထွန်းမှုရှိခဲ့တာကိုလည်းတွေ့ရပါတယ်။ ကုန်သွယ်မှုမှာ တစ်ဖက်က Border Trade ကို အားပေးဆောင်ရွက်ခဲ့သလို Normal Trade တိုးတက်ရေးအတွက်လည်း အလေးထားဆောင်ရွက်ဖို့ လိုပါတယ်။ တစ်ဖက်ကလည်း ပြည်တွင်းလုပ်ငန်းရှင်များအနေနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငွေကြေးလည်ပတ်မှု ကောင်းမွန်နေအောင် ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုသလို အကျိုးအမြတ်အများကြီး မရှိနိုင်သော်လည်း နိုင်ငံနှင့်ပြည်သူ့မျက်နှာကြည့်ပြီး ဆောင်ရွက်သင့်တဲ့ လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်နေအောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

လက်ရှိအစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကစပြီး ပြည်ပပို့ကုန်များနှင့်ပတ်သက်လို့ ပို့ကုန်ဝင်ငွေ(Export Earning) အပေါ် သင့်လျော်တဲ့ အချိုးများနှင့် ထိန်းသိမ်းပေးခဲ့တာကို တွေ့ရပါတယ်။ ဒါကလည်း နိုင်ငံနှင့်ပြည်သူရဲ့ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုး ပေးနိုင်အောင်၊ နိုင်ငံခြားငွေကြေး ခိုင်မာတောင့်တင်းရအောင် အစိုးရတစ်ရပ်အနေနဲ့ ကောင်းတဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ဆောင်ရွက်ခဲ့တာဖြစ်လို့ အားလုံးက ကြည်ဖြူစွာ ဝိုင်းဝန်းဆောင်ရွက်ကြရမယ့် ကိစ္စရပ်သာဖြစ်ပါတယ်။ ဒီလိုပို့ကုန်ဝင်ငွေအပေါ် အချိုးတစ်ရပ်နဲ့ ထိန်းသိမ်းပေးခဲ့လို့လည်း ပြည်တွင်းမှာ စက်သုံးဆီ၊ စားသုံးဆီ ဈေးနှုန်းများ မတန်တဆကြီးမြင့်မသွားရအောင် ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါတောင်မသမာသူအုပ်စုအချို့က စားသုံးဆီဈေးနှုန်းတွေ ကြီးမြင့်အောင် နည်းလမ်းစုံသုံးပြီး ဆွဲတင်ခဲ့တဲ့အတွက် ပြည်သူအများစု ထိခိုက်နစ်နာမှုတွေရှိခဲ့တာ၊ နိုင်ငံတော်အနေနဲ့ အဲဒီမသမာသူတွေကို ဥပဒေနဲ့အညီထိရောက်တဲ့ ပြစ်ဒဏ်တွေချမှတ်ပြီး အချိန်တိုအတွင်း စားသုံးဆီဈေးနှုန်းတွေ တည်ငြိမ်လျော့ကျလာအောင် ထိန်းသိမ်းပေးနိုင်ခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။

ဒါတောင်မှ လက်ရှိကာလမှာ Export လုပ်ကိုင်သူတွေက အနစ်နာခံပြီး ဆောင်ရွက်နေရပေမယ့် Import လုပ်ကိုင်သူတွေကတော့ သာသာယာယာနဲ့ အကျိုးဖြစ်ထွန်းနေပါတယ်ဆိုတဲ့ အသံတွေလည်း ရှိနေပါသေးတယ်။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်အနေနဲ့ Export သမားတွေအတွက် တတ်နိုင်သမျှဖြေလျှော့ပေးနိုင်ဖို့ ကြိုးစားခဲ့တာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။

ဒီဇင်ဘာလ ၇ ရက်နေ့က မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပို့ကုန်တင်ပို့သူများ(Exporters)အတွက် သတင်းကောင်းဖြစ်တဲ့ အမိန့်ကြော်ငြာစာတစ်ခု ထုတ်ပြန်ကြေညာခဲ့တာကို ဖတ်လိုက်ရပါတယ်။ အမိန့်ကြော်ငြာစာရဲ့ အဓိကသတင်းကောင်းကတော့ **"အပိုဒ် ၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေ ပမာဏ၏ ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ အမှတ်(၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည် "**ဆိုတဲ့အချက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၂၃)မှာ **"ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းအစား ၅၀ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း "** လျှော့ချပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး ယခုတစ်ဖန် ထပ်မံလျှော့ချပေးခဲ့တာဖြစ်လို့ နိုင်ငံတော်အနေနဲ့ ပို့ကုန်တင်ပို့သူများ(Exporters)ကို ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးအတွက် စဉ်းစားဖြေလျှော့ဆောင်ရွက်ခဲ့တဲ့အချက်ကို အထင်းသားမြင်တွေ့ရမှာဖြစ်ပါတယ်။

အခုဆိုရင် ပို့ကုန်ရငွေရဲ့ ၃၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း လဲလှယ်ရတော့မှာဖြစ်ပြီး ကျန် ၆၅ ရာခိုင်နှုန်းကို ပြင်ပဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်ဆောင်ရွက်နိုင်တော့မှာဖြစ်တဲ့အတွက် ပို့ကုန်ပစ္စည်းအမယ်များ မြန်မြန်ဆန်ဆန်၊ လွယ်လွယ်ကူကူ၊ ချောချောမွေ့မွေ့ ပိုမိုတင်ပို့နိုင်ဖို့ အခွင့်အလမ်းကောင်းဖြစ်ပါတယ်။ ဒါ့အပြင် ဒီသတင်းနှင့်ဆက်စပ်ပြီး ပို့ကုန်တင်ပို့သူများ(Exporters) အတွက်သာမကဘဲ ပို့ကုန်ရငွေကို ပြန်လည်အသုံးချပြီး သွင်းကုန်တင်သွင်းလိုတဲ့ တင်သွင်းသူ(Importers) များအတွက်လည်း ဈေးကွက်ပေါက်ဈေးနဲ့ နိုင်ငံခြားငွေကို လွယ်လွယ်ကူကူ စီမံဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်တွင်းမှာ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများကို အထူးအားပေး ဆောင်ရွက်နေတာအားလုံးအသိအမြင်ပဲဖြစ်ပါတယ်။ Non-Trade Income များပိုမိုရရှိနိုင်အောင်ကြိုးပမ်းနိုင်မှသာ ကုန်သွယ်မှုအပေါ် မှီခိုနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံမှာဖြစ်နေတာက အကျိုးအမြတ်တစ်ခုတည်းကြည့်ပြီး ကုန်ထုတ်လုပ်ငန်းလုပ်ဖို့ စိတ်ဝင်စားမှုအားနည်းတဲ့လုပ်ငန်းရှင်က အများစုဖြစ်နေတာပါပဲ။ ဒါကြောင့် နိုင်ငံတော်က အကျိုးအမြတ်နည်းပေမယ့် များများ ထုတ်လုပ်၊ များများလည်ပတ်နိုင်မယ်ဆိုရင် အကျိုးရှိမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မာတဲ့ အကျိုးဖြစ်ထွန်းမှုရှိမှာဖြစ်လို့ ကုန်ထုတ်လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြဖို့ စည်းရုံးတိုက်တွန်းနေရတာ ဖြစ်ပါတယ်။

ပို့ကုန်ရငွေ မူဝါဒအပြောင်းအလဲပေါ် အမှီပြုပြီး ထုတ်ကုန်တွေများများထုတ်လုပ်၊ များများ တိုးတက်တင်ပို့လာနိုင်တာနဲ့အမျှ နိုင်ငံတော်အတွင်းကို နိုင်ငံခြားသုံးငွေကြေးများ ပိုမိုတိုးတက် စီးဆင်းဝင်ရောက်လာမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း နိုင်ငံခြားသုံးငွေများ အကျိုးမဲ့သုံးစွဲမှုမဖြစ်ရအောင် သွင်းကုန်ပစ္စည်းအမယ်များကို ဦးစားပေး(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) စသည်ဖြင့် ပြည်တွင်းလိုအပ်ချက်အပေါ် မူတည်ပြီး နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီရဲ့ စိစစ်မှုနဲ့ ပုံမှန်တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ဒီကော်မတီက ဒီလိုအစဉ်တစိုက် စိစစ်ထိန်းသိမ်းပေးနေမှုကြောင့်သာ ရှေ့မှာပြောခဲ့တဲ့ စက်သုံးဆီ၊ စားသုံးဆီအပါအဝင် နိုင်ငံနဲ့ပြည်သူအတွက် မရှိမဖြစ်လိုအပ်တဲ့ အရေးကြီးကုန်စည်တွေကို သက်သာလွယ်ကူ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ခြင်းဖြစ်လို့ ရင်ထဲက ကျေးဇူးစကားဆိုမိပါတယ်။

ဒီရက်ပိုင်းအတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေက စက်သုံးဆီဆိုင်တွေမှာ ကားတွေ၊ ဆိုင်ကယ်တွေတန်းစီပြီး စက်သုံးဆီဝယ်ယူနေရတာကို အကြောင်းပြကာ စက်သုံးဆီတွေ ပြတ်လပ်နေပြီ၊ နိုင်ငံခြားသုံးငွေပြတ်လပ်နေပြီဆိုတဲ့ ကောလာဟလသတင်းတွေ ပလူပျံလာတာကို အားလုံးမြင်တွေ့ကြားသိရမှာဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံနဲ့ပြည်သူအကျိုးကိုမလိုလားတဲ့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုကို မရှုဆိတ်နိုင်တဲ့ ပြည်ပသြဇာခံ ပြည်ဖျက်မီဒီယာများရဲ့ လုပ်လေ့လုပ်ထရှိတဲ့ ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုသာဖြစ်ပါတယ်။ ဒီလိုပဲ အကြိမ်ကြိမ်လုပ်ကြံဝါဒဖြန့် ခြောက်လှန့်ခဲ့ကြတာ ရိုးပဲမရိုးနိုင်ကြသလို ပြည်သူအချို့

စာမျက်နှာ ၂၄ သို့

# စစ်ဆင်ရေးကွပ်ကဲရေးမှူးတစ်ဦး တိုက်ပွဲကျခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းအတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ




**နေပြည်တော် ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသတိုက်ပွဲများတွင် တပ်မတော်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်ဇော်လင်းသည် ပစ်ခတ်ခံရ၍ သေဆုံးသွားပြီဟု တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုဖြစ်သည့် Khit Thit မီဒီယာအပါအဝင် ပြည်ဖျက်မီဒီယာများကလူမှုကွန်ရက် စာမျက်နှာများပေါ်၌ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ဗိုလ်မှူးချုပ်အောင်ဇော်လင်းသည် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၏ စစ်ဆင်ရေးတာဝန်များကို ကွပ်ကဲကြပ်မတ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်၏ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် တိုက်ပွဲဝင်တပ်မတော်သားများ စိတ်ဓာတ်ကျဆင်းစေရန်အတွက်လည်းကောင်း၊ တပ်မတော်အပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်နှင့် ယုံကြည်မှုလျော့နည်းစေရန်အတွက်လည်းကောင်း ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများ စာရင်းကိုကြေညာမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ဒီဇင်ဘာ ၁၁ ရက်မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

# ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ပြည်သူ့စစ်သင်တန်းတက်ရန် မဲနှိုက်ခိုင်းဟု ကောလာဟလသတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင်ပြည်သူ့စစ်သင်တန်းပေးရန်အတွက် ကျေးရွာတစ်ရွာလျှင်လူသုံးဦး စာရင်းပေးရန်ညွှန်ကြားသည်ဟု ပုသိမ်မြို့နယ်အတွင်း ကျေးရွာမှဒေသခံတစ်ဦးကပြောကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Ayeyarwaddy Times မှ ကောလာဟလသတင်း အမှားများ လုပ်ကြံရေးသား ဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးထံ မေးမြန်းချက်အရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများနှင့် အခြားမြို့နယ်များသို့ ပြည်သူ့စစ်သင်တန်းပေးရန်အတွက် မည်သည့်ညွှန်ကြားချက်မျှ ပေးထားခြင်းမရှိကြောင်း သိရှိရပြီး အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန်နှင့် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ တရားမဝင်ပြည်ဖျက်မီဒီယာများမှ ကောလာဟလသတင်းများလိမ်လည်ရေးသား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# လှိုင်လင်၊ ပင်လုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လှိုင်လင်မြို့နယ် ပင်လုံမြို့ ရပ်ကွက်(၃)တံတားဦးလမ်းရှိ ကျော်ဦး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၆၃ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ပါဝုန်းကျေးရွာအနီးတွင် ညီပန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ညီပန်း ၃၈ နှစ်ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲမြန်ကြား)**



**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mi Mi Khaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် သံတွဲမြို့အမှတ်(၁)ရပ်ကွက်နေ မိမိခိုင်အား ည ၁၁ နာရီ မိနစ် ၂၀ တွင် သံတွဲမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အဂတိလိုက်စားမှုများကို အတူတကွတိုက်ဖျက်ကြပါစို့

လင်းလက်

ကမ္ဘာကြီးသည် အချိန်နှင့်အမျှ တိုးတက်နေသကဲ့သို့ တစ်ဖက်တွင်လည်း လူသားများ၏လောဘကြောင့်ဖြစ်ပေါ်လာရသည့် ရာဇဝတ်မှုများကို နိုင်ငံတိုင်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည်။ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့(အင်တာပိုလ်) က ထုတ်ပြန်ထားသည့် ၂၀၂၂ Global Crime Trend Report ပါ ဖော်ပြချက်အရ ကမ္ဘာ့နိုင်ငံများကို ခြိမ်းခြောက်နေသည့် "အုပ်စုဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊ တရားမဝင်မှောင်ခိုကူးခြင်းလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာပြစ်မှုများ၊ ဆိုက်ဘာပြစ်မှုများ၊ အကြမ်းဖက်မှုများ" စသည်ဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းများ အသွင်ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားနေသည့် ရာဇဝတ်မှုများ၏ အဓိကဇာတ်ကောင်မှာ အဂတိလိုက်စားမှုများပင်ဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

လာဘ်ပေးလာဘ်ယူမှုအပါအဝင် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို ကမ္ဘာပေါ်တွင် ရှေးပဝေသဏီကပင် တိုက်ဖျက်လာကြပြီး ကမ္ဘာ့အစောဆုံးတရားစီရင်ရေးဥပဒေဟု ခေါ်ဝေါ်သုံးနှုန်းကြသည့် ဟန်မူရာဘီကိုဓဥပဒေတွင် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု စသည့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးတည်သည့် ပြဋ္ဌာန်းချက်များပါဝင်ခြင်းသည် ရှေးယခင်ကပင် လူသားများဖြစ်တည်လာမှုနှင့်အတူ မညီမျှမှု၊ ဘက်လိုက်မှု၊ လိမ်လည်မှု၊ လုပ်ပိုင်ခွင့်အလွဲသုံးစားမှု စသည်တို့သည် တည်ရှိနေသည်ဟု ယူဆနိုင်သည်။ အချို့သောစာပေရေးသားချက်များတွင် "လာဘ်ပေးလာဘ်ယူမှု၊ အလွဲသုံးစားမှု၊ အခွင့်အာဏာအရောင်းအဝယ်ပြုမှု၊ ကိုယ်ကျိုးစီးပွားရှာမှု" စသည့် အဂတိလိုက်စားမှုများကြောင့် ရောမအင်ပါယာပင် ကျဆုံးခဲ့ရသည်ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။

**ကိုယ်ကျင့်သီလစောင့်ထိန်းကြ**

ထိုကဲ့သို့သော လူသားများအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုများကိုသာ ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို တိုက်ဖျက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ဘာသာတရားဆိုင်ရာအဆုံးအမများ၊ လူ့ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ ကနဦးအစများဟုပင်ဆိုနိုင်သည်။ ဗုဒ္ဓဘာသာအပါအဝင် ကမ္ဘာပေါ်တွင် ကိုးကွယ်ယုံကြည်မှုအများဆုံးဖြစ်ကြသည့် ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာတို့၏ အခြေခံအဆုံးအမများတွင် မကောင်းမှုဒုစရိုက်များဖြစ်သည့် "သူတစ်ပါးပစ္စည်းမတရားရယူမှု၊ ခိုးယူမှု၊ လိမ်လည်မှု" စသည့် ပြစ်မှုများကိုမကျူးလွန်ရန် တားမြစ်ထားသည်ကို တွေ့ရသည်။ ဘာသာတရားများကဆုံးမသောလူ့ဘဝတွင် လူသားတစ်ဦးအနေဖြင့် စောင့်ထိန်းရမည့်ကျင့်ဝတ်များအရ သူတစ်ဖက်သားကို ထိခိုက်နစ်နာမှုရှိစေသော လုပ်ရပ်များကို ပြုလုပ်ခြင်းသည် လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းဖြစ်သဖြင့် ကျင်လည်ရာပတ်ဝန်းကျင်ကိုထိခိုက်နစ်နာမှုများစွာ ဖန်တီးဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို ကျူးလွန်ခြင်းသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းပင်ဖြစ်သည်။

အဂတိလိုက်စားမှုဖြစ်ပွားရသည့် အကြောင်းရင်းများစွာရှိနိုင်သော်လည်း မူလအစသည် ကိုယ်ကျင့်သီလဖောက်ဖျက်မှုကြောင့်သာလျှင်ဖြစ်သည်။ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လေ့လာကြည့်မည်ဆိုပါကလည်း "မရိုးဖြောင့်သော၊ လိမ်လည်လှည့်ဖြားသော၊ တရားမဝင်သော၊ ဖြောင့်မတ်တည်ကြည်မှုမရှိသော" လုပ်ရပ်များသည် အဂတိလိုက်စားမှုများပင်ဖြစ်သည်ဟု ဖော်ပြလေ့ရှိသည်ကို တွေ့ရသည်။ နိုင်ငံအများစုအနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဓိကအရင်းခံသည့် ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်လိုက်နာမှုတို့ကို ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရသည်။




**လက်တွဲတိုက်ဖျက်**

ကမ္ဘာပေါ်တွင် ရေရှည်တည်တံ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို နိုင်ငံအားလုံး တန်းတူညီမျှရရှိရေး ဦးတည်ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂအဖွဲ့အစည်းသည်ပင် အဂတိလိုက်စားမှုဆိုသည့်အရာကို ရင်ဆိုင်ဖြေရှင်းနိုင်ရေး အလေးအနက်ထားဆောင်ရွက်ခဲ့ရသည်။ ၁၉၉၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ၏ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၅၀/၅၉) ဖြင့် ၁၉၉၆ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အများပြည်သူဆိုင်ရာအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက် (International Code of Conducts for Public Officials) ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါပြဋ္ဌာန်းချက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ "အများပြည်သူဆိုင်ရာအရာရှိများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိစွာဆောင်ရွက်နိုင်စေရန်၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်စေရန်၊ မျှတစွာဖြင့်ဘက်လိုက်မှုကင်းစွာဆောင်ရွက်တတ်စေရန်၊ အကျိုးစီးပွားပဋိပက္ခဖြစ်ပွားမှုများမရှိစေရန်" ထိန်းသိမ်းဆောင်ရွက်သွားရန်တိုက်တွန်းထားသည်။ ကုလသမဂ္ဂ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကနဦးဆောင်ရွက်ချက်များအနက်မှ တစ်ခုပင်ဖြစ်သည်။

ထိုကဲ့သို့သော ကနဦးဆောင်ရွက်ချက်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံများကို အတော်အသင့်လှုံ့ဆော်နိုင်ခဲ့သော်လည်း ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ အဂတိလိုက်စားမှု၏ သဘောသဘာဝသည်လည်း ပိုမိုနက်ရှိုင်းရှုပ်ထွေးလာပြီး နိုင်ငံများ၏ စုစည်းညီညွတ်သည့်စွမ်းအားဖြင့် တိုက်ထုတ်မှသာ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကမ္ဘာလုံးဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတစ်ခုပေါ်ထွန်းလာစေရေး ကြိုးပမ်းခဲ့ကြသည်။ နိုင်ငံတိုင်းအပေါ် ဆိုးရွားသောသက်ရောက်မှုများဖြစ်စေသည့် အဂတိလိုက်စားမှုများ၊ ၎င်းနှင့်ဆက်စပ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ ငွေကြေးခဝါချမှုများ စသည်တို့ကို တားဆီးကာကွယ်ရန်နှင့် အရေးယူဆောင်ရွက်နိုင်စေရန်ရည်ရွယ်သည့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် (၅၈/၄) အရ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်ထိ မက္ကဆီကိုနိုင်ငံ မာရီဒါမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ညီလာခံတွင် သဘောတူလက်မှတ်ရေးထိုး၍ စတင်ပြဋ္ဌာန်းခဲ့သည်။

**ဒီဇင်ဘာ ၉**

ကုလသမဂ္ဂအထွေထွေညီလာခံက ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) ကို ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများညီလာခံအတွင်းရေးမှူးရုံးတာဝန်များကို ပေးအပ်ထမ်းဆောင်စေခဲ့ပြီး ဒီဇင်ဘာ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စတင်အသက်ဝင်ခဲ့သည့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်ထိ အဖွဲ့ဝင်အဖြစ် နိုင်ငံပေါင်း ၁၉၀ က ပါဝင်လက်မှတ်ရေးထိုးထားပြီး မြန်မာနိုင်ငံသည် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်သည်ကို တွေ့ရသည်။

ကွန်ဗင်းရှင်းတွင် အခန်း ၈ ခန်း၊ အပိုဒ်ပေါင်း ၇၁ ပိုဒ်ပါဝင်ပြီး "တားဆီးကာကွယ်ခြင်း၊ ပြစ်မှုအဖြစ်သတ်မှတ်ခြင်းနှင့် ဥပဒေအာဏာသက်ရောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာအကူအညီပေးခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်း၊ ပိုင်ဆိုင်မှုများပြန်လည်ရယူခြင်း" စသည်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အရေးကြီးသော လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အဖွဲ့ဝင်နိုင်ငံများသို့ စနစ်တကျဆောင်ရွက်နိုင်စေရေး ရည်ရွယ်ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ထို့ပြင် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှုပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်၍ နိုင်ငံများ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အကြံပြုပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

**မိမိတို့လည်းပါ**

မြန်မာနိုင်ငံအနေဖြင့်လည်း ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ထားသည်ကိုတွေ့ရပြီး ကွန်ဗင်းရှင်းနှင့်ဆက်စပ်အစည်းအဝေးများသို့ ပါဝင်တက်ရောက်လျက်ရှိသည်ကိုတွေ့ရပြီး ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကျင့်ဝတ် စသည်တို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များတွင် "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ အများပြည်သူထံမှတုံ့ပြန်မှုရယူခြင်း၊ အစီအစဉ်ဆောင်ရွက်ခြင်း" အသိပညာပေးလုပ်ငန်းများအနေဖြင့် "အများပြည်သူသို့ အသိပညာပေးခြင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းများတွင် အသိပညာပေးခြင်းတို့အပြင် ကျောင်းသားလူငယ်အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း"၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များတွင် "နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း၊ နိုင်ငံတကာအစည်းအဝေးအလုပ်ရုံဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခြင်း" စသည်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာနည်းတူ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနေသည်ကို တွေ့ရှိရပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများကိုကျင်းပထားပြီး ဆုရရှိသူများ ထုတ်ပြန်ကြေညာထားသည်ကိုလည်း တွေ့ရသည်။ ယခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့သည် ကွန်ဗင်းရှင်းစတင်ခဲ့သည့် နှစ် ၂၀ ပြည့်အထိမ်းအမှတ်လည်းဖြစ်သဖြင့် ယခုနှစ် ဆောင်ပုဒ်ကို "UNCAC AT 20: UNITING THE WORLD AGAINST CORRUPTION" ဟု ချမှတ်ထားခြင်းဖြစ်သည်ကို တွေ့ရသည်။

**တွဲလက်ညီညီပန်းတိုင်ဆီ**

မည်သည့်လုပ်ငန်းမဆို စည်းလုံးညီညွတ်စွာဖြင့် အတူတကွလက်တွဲဆောင်ရွက်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် အဂတိလိုက်စားမှုကဲ့သို့သော ခက်ခဲနက်နဲရှုပ်ထွေးသည့်အရာတစ်ခုကို လူ့အဖွဲ့အစည်းအတွင်းမှတိုက်ထုတ်ရာတွင် နိုင်ငံအားလုံး၏ စုပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြီးမြောက်အောင်မြင်ရန် ရည်မှန်းထားသည့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပန်းတိုင် ၁၆. ၅ တွင် "အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုပုံသဏ္ဌာန်အမျိုးမျိုးကို သိသာထင်ရှားစွာ လျော့နည်းကျဆင်းလာစေရေး" ဆောင်ရွက်ရန် နိုင်ငံအားလုံးကို တိုက်တွန်းထားပြီးဖြစ်သည်။

အဆိုပါတိုက်တွန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအားလုံးက တက်ညီလက်ညီဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များပြည့်မီအောင်မြင်စေရေးတွင် အဓိကအနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုများကို အတူတကွ လက်တွဲတိုက်ဖျက်နိုင်ရေးအတွက် "ကွန်ဗင်းရှင်းနှစ် ၂၀ ပြည့်မှသည် အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့"ဟုချမှတ်ထားသည့် ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်သည် အနှစ်သာရပြည့်ဝသည့်ဆောင်ပုဒ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ တိုက်ဖျက်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့်စိတ်ဓာတ်တို့ဖြင့် ကျရာနေရာမှ နိုင်ရာဝန်ကို ထမ်းရင်း လက်လှမ်းမီသရွေ့ အဂတိလိုက်စားမှုများကို အစိုးရနှင့်ပြည်သူလက်တွဲညီညီ ဆက်လက်တိုက်ဖျက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**ကိုးကား**

- **https://www.unodc.org/unodc/en/anticorruptionday/index.html**
- **Global Crime Summary Report 2022, Interpol**
- **https://www.accm.gov.mm/**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလက ၂၄ ပြည်ဝင်ပေါ်ဆန်းဆန် အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဒီဇင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ နိုဝင်ဘာလက ၂၄ ပြည်ဝင်ပေါ်ဆန်းဆန် အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဥမ္မာမြင့်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလက ၂၄ ပြည်ဝင်ပေါ်ဆန်းဆန် အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ၂၄ ပြည်ဝင်ပေါ်ဆန်းဆန်အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၉၆၅၀၀၀၀ ထိ စျေးပေါက်နေကြောင်း သိရသည်။

"ရန်ကုန်ဆန်စျေးကွက်ကို ပြီးခဲ့တဲ့တစ်လအတွင်းမှာ ၂၄ ပြည်ဝင်ပေါ်ဆန်းဆန်အိတ်ရေ ၈၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဆန်အကြမ်းအပြင် ပေါ်ဆန်းဆန်အချောတွေပါ ရန်ကုန်ဆန်စျေးကွက်က အဝယ်လိုက်နေတယ်။ လက်ရှိဒေသထွက် လက်ကျန်ပေါ်ဆန်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်စျေးကတော့ အနည်းငယ်တက်လာတယ်"ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဥမ္မာမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဆန်များကို ကုန်လမ်းကြောင်း ကုန်တင်ကားများဖြင့် အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ဆန်များ တင်ပို့ရောင်းချရမှု ကောင်းလာခြင်းကြောင့် ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် ဒေါ်ယင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဒေါ်ယင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒေါ်ယင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ဒေါ်ယင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၃ သန်း အသုံးပြု၍ ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးသွားသဖြင့် ဒေါ်ယင်းကုန်းကျေးရွာရှိ အိမ်ခြေ ၂၈၆ အိမ်၊ လူ ၁၂၁၄ ဦး အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၁၅ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၄၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ၂၃၄၉ ဧက စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ၂၃၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်လဲ စိုက်ပျိုးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးရာမှာ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

# သာစည်မြို့နယ် မဒါန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ယင်းမာပင်ကျေးရွာအုပ်စု မဒါန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဦးအောင်ကျင်ဖိုက်တို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မဒါန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# မြဝတီမြို့နယ် သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၈**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြဝတီမြို့နယ် သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သက္ကာရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သက္ကာရကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၄ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ဘိုဘို**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# တနင်္ဂနွေနေ့ည အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဝက်စ်ဟမ်းအသင်း၊ စတုဂတ်အသင်း၊ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ

ML



ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ရာသီဝက်ကာလ ပြီးဆုံးချိန်နီးလာတာကြောင့် အသင်းကြီးတွေအနေနဲ့ ရာသီဝက်ချန်ပီယံဖြစ်ဖို့ ကြိုးပမ်းနေသလို အသင်းငယ်တွေကလဲ တန်းဆင်းဇုန်ဖိအားအောက်က လွတ်မြောက်ဖို့ ကြိုးပမ်းနေကြတာကိုတွေ့ရမှာပါ။ တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမရှိဘဲ ခြေရည်တူအသင်းတွေနဲ့ အမှတ်ပေးဇယားအထက်အောက်က အသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာဖြစ်ပေမဲ့ အဲဒီထဲက တိုက်စစ်ပိုင်းထက်မြက်ပြီး အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### ဝက်စ်ဟမ်းအသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ကစားပွဲတိုင်းဂိုးရခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ နော့တင်ဟမ်နဲ့ပွဲမှာလဲ ငါးဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာ ခံစစ်ပိုင်းကကက်စတာနီ၊ ဘက်ဆေးတို့ကို ခေါ်ယူခဲ့ပေမဲ့ ခံစစ်ပိုင်းတိုးတက်လာခဲ့ခြင်းမရှိသလို လက်ရှိမှာလဲ ဗဟိုခံစစ်က ဒီယော့ဒဏ်ရာရရှိနေတာကိုသတိပြုရမှာပါ။ သူတို့ အသင်းကစားသမားအစုအဖွဲ့ဟာ ဝက်စ်ဟမ်းအသင်းနဲ့ယှဉ်ရင် အားနည်းနေသလို ထိပ်တိုက်တွေ့ဆုံမှု ကိုးကြိမ်မှာလဲ ခုနစ်ပွဲရှုံး၊ နှစ်ပွဲ သရေရလဒ်နဲ့ ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့တာတွေ့ရမှာပါ။

ဝက်စ်ဟမ်းအသင်းဟာ အခုရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ကြိုးစားနေရပေမဲ့ ခြေရည်တူအသင်းတွေနဲ့ဆို ရလဒ်ကောင်းနေတာကိုတွေ့ရမှာပါ။ နည်းပြမိုယက်စ်ကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ပြိုင်ပွဲတိုင်းကို အာရုံစိုက်နေသလို ရမှတ်မဆုံးရှုံးဖို့ ကြိုးစားနေပေမဲ့ ဒုတိယပိုင်းမှာခံစစ်ပိုင်းက ပေးဂိုးတွေခွင့်ပြုနေတာကိုသတိပြုရမှာပါ။ လက်ရှိ ခံစစ်ပိုင်းကခွင့်ပြုထားတဲ့ ပေးဂိုး ၂၄ ဂိုးမှာလဲ ဒုတိယပိုင်းပေးဂိုးက ၁၄ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြမိုယက်စ်အနေနဲ့ ဒုတိယပိုင်းမှာခံစစ်ပိုင်းအားနည်းချက်ကို ပြင်နိုင်မယ်ဆိုရင်တော့ အခုပွဲစဉ်မှာရမှတ်ပြည့်ရယူနိုင်မှာပါ။ ဝက်စ်ဟမ်းအသင်းရဲ့ ခံစစ်စုဖွဲ့မှုဟာ ဝက်ပရောက်စ်၊ အယ်ဗာရက်ဇ်၊ ကူဖယ်၊ မာဗရိုပန်နို့စ်၊ အက်ဂွါ၊ အယ်မာဆန်တို့လို ကစားသမားကောင်းတွေရှိနေတာကြောင့် ဖူလ်ဟမ်လို သာမန်အဆင့်ရှိတဲ့ တိုက်စစ်ကိုထိန်းချုပ်ဖို့မခက်နိုင်ပါဘူး။ လက်ရှိမှာလဲ တိုက်စစ်မှူး အန်တိုနီယိုကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်တာကြောင့် ဖူလ်ဟမ်လိုကစားသမားစုဖွဲ့မှုအားနည်းနေပြီး ခံစစ်ပိုင်းကျဆင်းနေတဲ့ အသင်းကိုတော့ ဖိအားပေးနိုင်မှာသေချာပါတယ်။ နည်းပြနှစ်ဦးရဲ့ ပရီးမီးယားလိဂ်အတွေ့အကြုံမှာလဲ ဝက်စ်ဟမ်းကသာနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ရှုံးပွဲမရှိခဲ့တာကြောင့် ဝက်စ်ဟမ်းအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၁ | မန်ယူ |
| အေဗီလာ | ၃ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၂ | ဝုဗ် |
| လီဗာပူး | ၄ | - | ၃ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၅ | - | ၀ | နော့တင်ဟမ် |

### ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၀ | အိုလံပီယာကို့စ် |
| ဝက်စ်ဟမ်း | ၃ | - | ၂ | နော့တင်ဟမ် |
| ဘန်လေ | ၁ | - | ၂ | ဝက်စ်ဟမ်း |
| တိုပိုလို | ၀ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ပဲလေ့စ် |

### စတုဂတ်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ည ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စတုဂတ်နဲ့ လေဗာကူဆင်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးဟာ ထိပ်တန်းအဆင့် ကစားသမားတွေ အများအပြားမခေါ်ယူခဲ့ပေမဲ့ အသင်းလိုက်စုဖွဲ့မှုကောင်းတဲ့ အသင်းတွေဖြစ်တာကြောင့် အခုရာသီအမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်နေတာကိုတွေ့ရမှာပါ။ စတုဂတ်အသင်းက နွေရာသီကစားသမားခေါ်ယူမှုမှာ ထိပ်တန်းအဆင့်ကစားသမားမပါခဲ့ပေမဲ့ ရင်းနက်ကဂီရက်ဆီကိုခေါ်ယူနိုင်ခဲ့တာဟာ အသင်းအတွက် ကစားသမားခေါ်ယူမှုမှန်ကန်ခဲ့တယ်လို့ဆိုရမှာပါ။ အခုရာသီ အိမ်ကွင်းခုနစ်ပွဲမှာလဲ တစ်ပွဲပဲရှုံးခဲ့ပြီး သူတို့ရှုံးခဲ့တဲ့ပွဲစဉ်မှာ ဂီရက်ဆီအနေနဲ့ ဒဏ်ရာကြောင့်လွဲချော်ခဲ့တာဖြစ်လို့ ဟောဖန်ဟိမ်းအသင်းကိုနှစ်ဂိုးသုံးဂိုးနဲ့ အရေးနိမ့်ခဲ့တယ်လို့ဆိုရမှာပါ။ နည်းပြဟိုးနက်စ်ရဲ့ တိုက်စစ်ပိုင်းမှာတော့ ဂီရက်ဆီ၊ အန်ဒက်ဗ်တို့အတွဲဟာ ပြိုင်ဘက်ခံစစ်ကစားသမားတွေအတွက် ခြိမ်းခြောက်မှုဖြစ်နေသလိုဒေါ့မွန်လိုအသင်းကိုတောင် အမှတ်ပေးပွဲနဲ့ ဖလားပွဲမှာလဲဂီရက်ဆီရဲ့ဂိုးတွေနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲလေဗာကူဆင်အနေနဲ့ ဂီရက်ဆီကိုတားဆီးဖို့ အာရုံစိုက်လာနိုင်ပေမဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။

လေဗာကူဆင်အသင်းဟာ အခုရာသီ ဥရောပထိပ်သီးကလပ်ငါးခုမှာ ရှုံးပွဲမရှိသေးတဲ့အသင်းအဖြစ် ရပ်တည်နေပြီး ပြိုင်ပွဲစုံ ၂၂ ပွဲအပြီးမှာ ပွဲ ၂၀ နိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းက ဒီယာဘီကိုအေဗီလာကိုရောင်းချပြီးနောက်ပိုင်းဘွန်နီဖေ့၊ ရှာကာ၊ ဟော့မန်း၊ နသန်တယ်လာတို့လို ဒုတိယတန်းအဆင့်ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ လေဗာကူဆင်အသင်းမှာ ကစားကွက်ပိုင်းအားနည်းချက်မရှိပေမဲ့ တိုက်စစ်မှူးဝှစ်ဇ်ကတော့ ဒေါ့မွန်နဲ့ ပွဲစဉ်မှာ ကြံ့ခိုင်မှုမပြည့်ဝဘဲ ပါဝင်ကစားခဲ့ရတာကြောင့် အခုပွဲစဉ်မှာပါဝင်နိုင်ဖို့ မသေချာပါဘူး။ ဒေါ့မွန်နဲ့ပွဲစဉ်မှာလေဗာကူဆင်ဟာ ပွဲချိန်ပြည့်တိုက်စစ်ဆင်နိုင်ခဲ့ပေမဲ့ ဒေါ့မွန်ရဲ့ တန်ပြန်တိုက်စစ်ကိုတော့ မတားဆီးနိုင်ဘဲ ဦးဆောင်ဂိုးပေးလိုက်ရပြီး ဒုတိယပိုင်းမှာ ဘွန်နီဖေ့ရဲ့ချေပဂိုးကြောင့် ရမှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ စတုဂတ်လို အိမ်ကွင်းကစားအားကောင်းပြီး တိုက်စစ်ထက်မြက်တဲ့အသင်းကို ဖွင့်ကစားမယ်ဆိုရင်တော့ ဂိုးပေးရဖို့ သေချာနေတဲ့အပြင် ဂီရက်ဆီကို မထိန်းနိုင်ရင်တော့ ပထမဆုံးရှုံးပွဲကြုံသွားနိုင်ပါတယ်။ လက်ရှိအကျောပေးကစားမှုမှာတော့ လေဗာကူဆင်က သရေကစားနိုင်ရင် ခပ်ပါးပါးပဲ ရှုံးနိုင်တဲ့ အခြေအနေကြောင့် လေဗာကူဆင်အနေနဲ့ စတုဂတ်အိမ်ကွင်းမှာ ရှုန်းကန်ရဖို့များပါတယ်။ ဒါကြောင့် နှစ်သင်းစလုံးကစားပုံကောင်းနေပေမဲ့ အိမ်ကွင်း အားသာချက်ရှိနေတဲ့ စတုဂတ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၂ | - | ၁ | ဒေါ့မွန် |
| စတုဂတ် | ၂ | - | ၀ | နူရင်ဘတ် |
| ဖရန့်ဖတ် | ၁ | - | ၂ | စတုဂတ် |
| စတုဂတ် | ၂ | - | ၀ | ဝါဒါဘရီမင် |
| စတုဂတ် | ၂ | - | ၀ | ဒေါ့မွန် |

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၄ | - | ၀ | ယူနီယံဘာလင် |
| ဝါဒါဘရီမင် | ၀ | - | ၃ | လေဗာကူဆင် |
| ဟာကန် | ၀ | - | ၂ | လေဗာကူဆင် |
| လေဗာကူဆင် | ၁ | - | ၁ | ဒေါ့မွန် |
| လေဗာကူဆင် | ၃ | - | ၁ | ပါဒါဘွန်း |

### ဘာစီလိုနာအသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ်(၁၆)မှာ အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာအသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အခုရာသီမှာ ရီးရဲလ်မက်ဒရစ်ကို ရှုံးခဲ့တဲ့ပွဲစဉ်မှာ လီဝင်ဒေါ်စကီး၊ ရာဖင်ဟာတို့လို အဓိကတိုက်စစ်မှူးတွေ ဒဏ်ရာကြောင့်မပါနိုင်ခဲ့လို့ ကန်ဆယ်လိုကိုတိုက်စစ်ပိုင်းမှာ ထည့်သွင်းအသုံးပြုခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာပါ။ အခုပွဲစဉ်မှာလဲ ဂျီရိုနာနဲ့တွေ့ဆုံနေပေမဲ့ ကစားသမားစုံလင်လာတာကြောင့် ပွဲချိန်ပြည့် ဖိအားပေးနိုင်ဖို့သေချာပြီး အေတီကိုနဲ့ပွဲကအတိုင်း ကစားနိုင်မယ်ဆိုရင် ဂိုးပြတ်နိုင်ပွဲရှာတွေ့မှာသေချာပါတယ်။ အခုပွဲစဉ်မှာအလွန်ဆို၊ တာစတီဂန်၊ ဂါဗီတို့ဒဏ်ရာရနေပေမဲ့ အဓိကကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ဂျီရိုနာခံစစ်ကြောင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာနေသလို လီဝင်ဒေါ်စကီးဂိုးသွင်းနိုင်ရင်တော့ ဂိုးပြတ်အနိုင်ရသွားနိုင်ပါတယ်။

ဂျီရိုနာအသင်းဟာ အခုရာသီအမှတ်ပေးပြိုင်ပွဲမှာ မထင်မှတ်ဘဲ ဇယားထိပ်ကိုတက်ရောက်နိုင်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်းကြီးတွေကို ဖိအားပေးကစားနိုင်တဲ့အသင်းဖြစ်နေပါတယ်။ သူတို့အသင်းဟာ ဆာဗီအို၊ ဒါလေဘလိုင်း၊ ရန်ဂျယ်ဟာရဲရား၊ ဒိုဘူး၊ အဲ့ရစ်ဂါစီယာတို့ကို ခေါ်ယူနိုင်ခဲ့ပြီး အဲဒီကစားသမားတွေကို အကောင်းဆုံးအသုံးချနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ဆာဗီအို၊ ဒိုဘူး၊ ရန်ဂျယ်ဟာရဲရားတို့ဟာ အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်နေပြီး ဒိုဘူးကတော့ သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ဗလင်စီယာနဲ့ပွဲမှာ ကွင်းလယ်က ရန်ဂျယ်ဟာရဲရားဒဏ်ရာရခဲ့လို့ အခုပွဲစဉ်မှာပါဝင်နိုင်ဖို့ မသေချာတာကြောင့် ကွင်းလယ်ပိုင်းကစားအားကျဆင်းသွားနိုင်သလို အဲ့ရစ်ဂါစီယာကလဲ ဘာစီလိုနာကအငှားခေါ်ထားတာကြောင့် အခုပွဲစဉ်ကိုလွဲချော်မှာပါ။ ဘာစီလိုနာနဲ့ ဂျီရိုနာအသင်းဟာ ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းမှာ အဆင့်တစ်ခုထိ ကွာဟနေတဲ့အသင်းတွေ ဖြစ်နေတာကြောင့် ဂျီရိုနာအသင်းဟာ ဘာစီလိုနာရဲ့ လီဝင်ဒေါ်စကီး၊ ဂျာအိုဖီးလစ်တို့ကို ပွဲချိန်ပြည့်တားဆီးနိုင်မယ်ဆိုရင် ကျဉ်းမြောင်းတဲ့ ရလဒ်ထွက်ပေါ်မှာဖြစ်ပေမဲ့ တိုက်စစ်ဖွင့်ကစားလာမယ်ဆိုရင်တော့ နှစ်သင်းပေါင်းဂိုးများသွားနိုင်ပြီး ဘာစီလိုနာအသင်းပဲ ရလဒ်ကောင်းသွားမှာဖြစ်ပါတယ်။

### ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှက်တာဒိုးနက် | ၁ | - | ၀ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ | - | ၁ | အလာဗက် |
| ဗယ်လ်ကာနို | ၁ | - | ၁ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ | - | ၁ | ပေါ်တို |
| ဘာစီလိုနာ | ၁ | - | ၀ | အေတီကို |

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒီလီဗီ | ၁ | - | ၂ | ဂျီရိုနာ |
| အိုဆာဆူနာ | ၂ | - | ၄ | ဂျီရိုနာ |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၁ | - | ၁ | ဘီလ်ဘာအို |
| ဂျီရိုနာ | ၂ | - | ၁ | ဗလင်စီယာ |

# ဗြိတိန်နိုင်ငံတွင် နှင်းများအရည်ပျော်မှုနှင့် မိုးရွာမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်



**လန်ဒန် ဒီဇင်ဘာ ၈**

ဗြိတိန်နိုင်ငံ နေရာအနှံ့အပြားတွင် နှင်းများအရည်ပျော်ကျမှုနှင့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံရှိ ဒေသ ၄၇ ခုတွင် မိုးရေချိန် မီလီမီတာ ၈၀ ထိ သည်းထန်စွာရွာသွန်းနိုင်ပြီး နှင်းများလည်း အရည်ပျော်ကျမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ်များ တိုးလာနိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံတစ်ဝန်းမှာ မိုးပိုမိုရွာလာနိုင်ပြီး နှင်းတွေလဲ အရည်ပျော်ကျမှုကြောင့် မိုးလေဝသဆိုင်ရာ သတိပေးချက်အများအပြား ထုတ်ပြန်ထားပါတယ်။ နိုင်ငံအနောက်ပိုင်းဒေသတွေ အထူးသဖြင့် ကုန်းမြင့်ဒေသတွေမှာ မိုးရေချိန် မီလီမီတာ ၈၀ ထိ ရွာသွန်းနိုင်ပြီး စကော့တလန်အရှေ့ပိုင်း ကုန်းမြင့်ဒေသတွေမှာ မီလီမီတာ ၁၀၀ ထိ ရွာသွန်းနိုင်ပါတယ်"ဟု ဗြိတိန်မိုးလေဝသဌာနမှ မိုးလေဝသခန့်မှန်းမှုဌာနအကြီးအကဲ နေးလ်အမ်စထရောင်းက ပြောကြားခဲ့သည်။

ဗြိတိန်အနောက်တောင်ပိုင်း၊ အလယ်ပိုင်းနှင့်စကော့တလန်နိုင်ငံ၏ နေရာအတော်များများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့်အတွက် အဝါရောင်သတိပေးချက် ထုတ်ပြန်ထားပြီး လေဖိအားနည်းရပ်ဝန်းတစ်ခုလည်း ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် စိုစွတ်ပြီးလေပြင်းများပါ တိုက်ခတ်သဖြင့် အချို့ဒေသများတွင် နှင်းခဲများ အရည်ပျော်ကျမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ကာ အဆောက်အအုံများလည်း ... ကာ အအေးဓာတ်လည်း တိုးလာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

**Ref : Xinhua News**
**Trs : AZH**

# ဗာနေတူနိုင်ငံတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်ထုတ်ပြန်

**ပိုဗ်လာ ဒီဇင်ဘာ ၈**

ဗာနေတူနိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာ ၇ ရက်က ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျုရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် ပစိဖိတ်ဆူနာမီသတိပေးဌာနက ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၇ ရက် သတင်းများအရ သိရသည်။

ဗာနေတူနိုင်ငံတောင်ပိုင်း ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍ ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျုရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့ကကနဦး သတင်းထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျုဟု ပြောင်းလဲထုတ်ပြန်ခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်မှုအရှိန်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်ကြောင်း ပစိဖိတ်ဆူနာမီသတိပေးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည် ဗာနေတူနိုင်ငံ တက်ဖရာပြည်နယ် အစွန်ဂယ်လ်မြို့တောင်ဘက် ၁၂၃ ကီလိုမီတာအကွာ ရေအောက်အနက်မိုင် ၃၀ တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်နေရာမှ ကီလိုမီတာ ၃၀၀ အကွာရှိ ဗာနေတူနိုင်ငံနှင့် ပြင်သစ်နိုင်ငံပိုင် နယူးကယ်လီဒိုးနီးယားကျွန်းတို့သို့ အန္တရာယ်ရှိသောဆူနာမီလှိုင်းများ ရောက်ရှိနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူဦးရေ ၃၂၀၀၀၀ ကျော်နေထိုင်သည့် ဗာနေတူနိုင်ငံသည် ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ငလျင်လှုပ်ခတ်မှု မကြာခဏဖြစ်ပွားလေ့ရှိကြောင်း၊ ယခုနှစ်နိုဝင်ဘာလအတွင်းကလည်း နိုင်ငံမြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် အင်အားနည်းသောဆူနာမီလှိုင်းများ နောက်ဆက်တွဲဖြစ်ပေါ်ခဲ့ကြောင်း အာဏာပိုင်များ၏ ထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Sputnik News**
**Trs : AZH**

# အမေရိကန်နိုင်ငံ ရော့ဒ်ကျွန်း ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် ဘတ်ဂျက်တင်တောင်းထားမှုကို ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရထုတ်ပြန်

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်နိုင်ငံ ရော့ဒ်ကျွန်းတွင် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် လိုအပ်သောအခြေခံအဆောက်အအုံများဆောက်လုပ်ရန်လျာထားသည့် ဘတ်ဂျက်ကို U.S Federal Permitting Improvement Steering Council ကစိစစ်ပြီး ဒီဇင်ဘာ ၇ ရက်က ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း အိမ်ဖြူတော်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရသိရသည်။

ကမ်းလွန် လေအားလျှပ်စစ်ထုတ်လုပ်မှုကို ဒိန်းမတ်အခြေစိုက် Orsted ကုမ္ပဏီနှင့် အမေရိကန်အခြေစိုက် Eversource ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သောအခြေခံအဆောက်အအုံအတွက် ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ တင်တောင်းထားရာ အစိုးရက ခွင့်ပြုပေးလိုက်ပြီဖြစ်သဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးကို ၂၀၂၄ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

"ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍအတွက် ရော့ဒ်ကျွန်းကမ်းလွန် လေအားလျှပ်စစ်စီမံကိန်းကို



အကောင်အထည်ဖော်ဖို့ ဘတ်ဂျက်ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ရော့ဒ်ကျွန်း ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကို စတင်ဆောင်ရွက်သွားတော့မှာ ဖြစ်ပါတယ်"ဟု U.S Federal Permitting Improvement Steering Council မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုနေရာ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြင့် အစားထိုးနိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုကဏ္ဍမှ လျှပ်စစ်စွမ်းအင် ၃၀ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ရေးကို ရည်မှန်း၍ အကောင်အထည်ဖော်လျက်ရှိသည်။

အိမ်ဖြူတော်အစိုးရသည် ကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် Orsted ကုမ္ပဏီနှင့် Eversource ကုမ္ပဏီတို့ဖြင့် ဆွေးနွေးခဲ့ရာ သဘောတူညီချက် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တရုတ်နိုင်ငံ၌ လေထုအရည်အသွေးမြှင့်တင်ရေး စီမံချက်ကို ၂၀၂၄ ခုနှစ်တွင် စတင်ဆောင်ရွက်မည်

**ပေကျင်း ဒီဇင်ဘာ ၈**

တရုတ်အစိုးရသည် နိုင်ငံအတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်နေမှုကိုလျှော့ချရေးအတွက် လေထုအရည်အသွေးမြှင့်တင်ရေးစီမံချက်ကို ၂၀၂၄ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စီမံချက်အရ ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို လျှော့ချသွားမည်ဖြစ်ပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံကိန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေထုအရည်အသွေးမြှင့်တင်ရေးစီမံချက်အရ ၂၀၂၅ ခုနှစ်အရောက်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကို ၂၀၂၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သောပမာဏ၏ ၁၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လေထုအရည်အသွေးမြှင့်တင်ရေးစီမံချက်ကို ပေကျင်း-တီယန်ကျင်း-ဟာဘေး နယ်မြေတို့တွင် ကနဦး အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ၎င်းနယ်မြေများ၏အနီးပတ်ဝန်းကျင်ရှိ နယ်မြေများတွင်လည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ယန်စီမြစ်ဝကျွန်းပေါ်ဒေသများတွင်လည်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၂၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သောပမာဏ၏ ၄ ရာခိုင်နှုန်းထိ လျှော့ချသွားမည်ဖြစ်ကြောင်း၊ ရှန်စီပြည်နယ်တွင်လည်း ကျောက်မီးသွေးလောင်စာသုံးစွဲမှုကို ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်ပြီး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့ကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း ရုပ်ကြွင်းလောင်စာသုံး မော်တော်ယာဉ်များနေရာ၌ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအစားထိုးနိုင်ရေးအတွက် ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ပေကျင်းမြို့၊ တီယန်ကျင်းမြို့နှင့် ရှန်ဟိုင်းမြို့တို့ရှိ အဝေးပြေး လမ်းမကြီးများတွင်လည်း လျှပ်စစ်ဓာတ်အားသွင်းရုံများ ၈၀ ရာခိုင်နှုန်းထိ တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး အခြားသောနယ်မြေများတွင်လည်း လျှပ်စစ်ဓာတ်အားသွင်းရုံများ ၆၀ ရာခိုင်နှုန်းထိ တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# ကနေဒါအစိုးရက လောင်စာကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ကျရန်ဆောင်ရွက်ရေး လောင်စာကုမ္ပဏီများကို ညွှန်ကြား

**အော့တာဝါ ဒီဇင်ဘာ ၈**

ကနေဒါအစိုးရသည် လောင်စာကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ကျရန် ဆောင်ရွက်ရေးအတွက် လောင်စာကုမ္ပဏီများကို ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကနေဒါအစိုးရက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ကို ၂၀၃၀ ပြည့်နှစ်အရောက်၌ ၂၀၁၉ ခုနှစ်က ထုတ်လွှတ်ခဲ့သောပမာဏ၏ ၃၈ ရာခိုင်နှုန်းထိ လျှော့ကျအောင်ဆောင်ရွက်သွားရေးကို ၂၀၂၄ ခုနှစ်တွင် စတင်ရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ လောင်စာလိုအပ်ချက်မြင့်မားနေပါတယ်။ လောင်စာဟာ ကနေဒါရဲ့ စီးပွားရေးကဏ္ဍအတွက် အရေးပါနေတယ်ဆိုပေမဲ့ လောင်စာကဏ္ဍကနေ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို ရေးဆွဲထားတဲ့ စီမံချက်အတိုင်း ဆောင်ရွက်နိုင်မယ်ဆိုရင် စီးပွားရေးကဏ္ဍကိုလဲ မထိခိုက်နိုင်သလို ရည်မှန်းချက်ကိုလဲ အရောက်သွားနိုင်ပါလိမ့်မယ်"ဟု ကနေဒါဖက်ဒရယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး စတီဗင်ဂီဘော့က ပြောကြားခဲ့သည်။

လောင်စာကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရာတွင် လောင်စာထုတ်လုပ်မှုအပိုင်းကို ကန့်သတ်မည်မဟုတ်ဘဲ လောင်စာဈေးကွက်ကို ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း၊ လောင်စာထုတ်လုပ်မှုကို ထိန်းချုပ်ပါက နိုင်ငံ၏စီးပွားရေးကဏ္ဍကို ထိခိုက်လာစေနိုင်သည့်အတွက် လောင်စာဈေးကွက်ကိုသာ ကန့်သတ်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း စတီဗင်ဂီဘော့က ပြောကြားသည်။

ကနေဒါနိုင်ငံ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု၏ လေးပုံ တစ်ပုံမှာ လောင်စာကဏ္ဍမှဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ လိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော **စာမျက်နှာ ၂၁ ကော်လံ ၁☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့်အရာရှိ၊စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**